ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ သောကြာနေ့၊ (26-10-2007) (၅၄၈၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဩစတြေးလျားသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၆ရက်တွင် ကျရောက်သော ဩစတြေးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဩစတြေးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဟိန့်(ဇ်)ဖစ်ရှာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဩစတြေးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြေးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဩစတြေးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အယ်လ်ဖရက် ဂူဆန်ဘာရ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ပြင်ဦး လွင်မြို့ စည်သာရေကူ ရေလှောင်တမံ ကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စည်သာရေကူရေလှောင်တမံ ဖွင့်ပွဲအခမ်းအနား ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးတို့ တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၂) က မန္တလေးတိုင်း ပြင်ဦးလွင် ခရိုင် ပြင်ဦးလွင်မြို့နယ်၌ တည် ဆောက်ခဲ့သော စည်သာရေကူ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနား ကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါရေလှောင်တမံရှိ မင်္ဂလာ မဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်း

စာမျက်နှာ ၅ ကော်လံ ၁ သို့ *

ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၅

ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရန်အတွက် ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ထားသူ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ယနေ့ မွန်းလွဲ ၂ နာရီမှ ၃ နာရီ ၁၅ မိနစ်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၆–၁၀–၂၀၀၇
(သောကြာနေ့)

သီတင်းကျွတ်လပြည့် အခါသမယနေ့ အဘိဓမ္မာတရားများ ရွတ်ပွားပူဇော်

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးရက်မြတ် **သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့** ဖြစ်သည်။

သီတင်းကျွတ်လ ရာသီချိန်သည် မိုးလေကင်းစင်စ ရာသီဥတု သာယာကြည်လင်သော ကာလဖြစ်သည်။ သီတင်းကျွတ်လပြည့် သန်းခေါင်ယံအချိန်တွင် လမင်းနှင့် အဿယုဇနက္ခတ်တို့ ယှဉ်ပြိုင်သွားနေသည်။ ပလ္လင်ဆေးမိုးရွာသွန်းဖြိုး ဆိုစကားနှင့်အညီ ဘုရားဆွမ်းတော်တင်သော သင်ပုတ်ပလ္လင်အား ဆေးကြောသန့်စင်ပေးသည့် မိုးတစ်ပြိုက်နှစ်ပြိုက်မျှ ရွာသွန်းလေ့ရှိသည်။

သီတင်းကျွတ်လသည် မြကန်သာတို့အတွင်း ကြာမျိုးငါးပါးတို့ ပွင့်လန်းဝေဆာကာ စံပယ်ပန်း၊ ကြာပန်းရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်နေသော အချိန်အခါဖြစ်သည်။ ရာသီအားဖြင့် တူရာသီဖြစ်၍ စန်းပြည့်နက္ခတ်မှာ အာသာဝတီဖြစ်သည်။ ဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သင်္ကဿနဂိုရ်သို့ ကြွမြန်းတော်မူလာချိန်ကို ရည်ရွယ်၍ သီတင်းကျွတ်လပြည့်နေ့တွင် မီးထွန်းပွဲတော်၊ မီးမြင်းမိုရ်ပွဲ ကျင်းပကြသည်။

မြတ်စွာဘုရားရှင်သည် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီး ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူသည်။ ဤသည်မှာ ဘုရားရှင်၏ မယ်တော် မာယာဒေဝီသည် တာဝတိံသာနတ်ပြည်တွင် သန္တုသိတအမည်ဖြင့် နတ်သားဖြစ်နေရာ မယ်တော်အား အဘိဓမ္မာတရား ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်လိုသော ကြောင့် ဖြစ်သည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့အား **ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ** အစရှိသော အဘိဓမ္မာတရားတော်မြတ်ကို ဝါဆိုလပြည့်နေ့မှစတင်၍ နေ့ညမစဲ ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် တရားတော်ပြီးဆုံးခဲ့သည်။

အဘိဓမ္မာတရားတော်သည် အလွန်ထူးကဲသော တရားတော်မြတ်ဖြစ်သည်။ စိတ်ကို အပူအပင်ကင်းစေရန် သန့်စင်ပေးသော တရားလည်းဖြစ်ရာ ဘဝခရီးကို အေးမြကြည်လင် တည်ငြိမ်ရင့်ကျက်စွာ လျှောက်လှမ်းစေနိုင်သည်။ ထိုတရားတော်မြတ်အား ရွတ်ပွားနာကြားနေချိန် တဒင်္ဂ၌ပင် လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာများ ချုပ်ငြိမ်းနေခြင်း အကျိုးတရားများ ရရှိဖြစ်ထွန်းစေပေသည်။ သီတင်းကျွတ်လပြည့်နေ့ထူးနေ့မြတ် အခါသမယတွင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အာရုံပြု၍ အဘိဓမ္မာတရားတော်မြတ်အား ယုံကြည်စွာ ကြည်ညိုသဒ္ဓါပွား ပူဇော်ကြခြင်းဖြင့် လောကီ လူသားအားလုံး ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကောင်းကျိုးတရားများ ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂) ရပ်ကွက် မိုးညှင်းဝိပဿနာ တိုက်သစ်ကြီး၏ မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် ဦးကိုကြီး–ဒေါ်ခင်မိုမို၊ သား အောင်မိုမောင် မိသားစုက အလှူငွေကျပ် ငါးသိန်းနှင့် စုစုပေါင်း ကျပ်သိန်းသုံးဆယ်ကို နာယက ဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၅

ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇)ကို အောက်တိုဘာ ၂၂ ရက် နံနက် ၈နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ တက်ရောက်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ရောဝတီတိုင်းအတွင်း ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အဆင့်(၁)မှ (၁၀)ထိရရှိသော ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ တိုင်းအတွင်း သိပ္ပံဘာသာတွဲဖြင့် ခြောက်ဘာသာ၊ငါးဘာသာနှင့်လေးဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းအတွင်း ဝိဇ္ဇာဘာသာတွဲဖြင့် အဆင့်(၁)မှ (၁၀)ထိ ရရှိသော သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ဂုဏ်ပြုဆုငွေ ကျပ် တစ်သိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ တိုင်းအတွင်းမှ တက္ကသိုလ်များနှင့် ကောလိပ်များ၌ တက်ရောက် ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူ ၈၇ ဦးတို့ကိုယ်စား ခရိုင်အတွင်းရေးမှူးများသို့ ပညာသင်ဆု ထောက်ပံ့ကြေးများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရောဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀ သိန်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်က ငွေကျပ် ငါးသိန်းတို့ကို တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပုသိမ်၊ ဟသ်ာတ၊ မြောင်းမြ၊ မအူပင်နှင့် ဖျာပုံ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက လှူဒါန်းငွေကျပ် နှစ်သိန်းစီ၊ တိုင်းစည်ပင်သာယာရေးအဖွဲ့၊ ပုသိမ် မှန်စက်ရုံ၊ ရောဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနတို့က ငွေကျပ် ငါးသိန်းစီ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရောဝတီတိုင်း)က ငွေကျပ် နှစ်သိန်း၊ မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း(ရောဝတီတိုင်း)တို့က ငွေကျပ် သုံးသိန်းစီ၊ တိုင်းသစ်တောဦးစီးဌာနက ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် ကွန်ပျူတာနှစ်စုံတို့ကို တိုင်းတွဲဖက်အတွင်းရေးမှူးထံ ပေးအပ်သည်။

ထို့နောက် အစည်းအဝေးကို ဒုတိယပိုင်း အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် အမှာစကားပြောကြားစဉ်။ (နယ်စပ်/စည်ပင်)

သန်လျင်မိုးကုတ်ရိပ်သာ ကထိန်သင်္ကန်းကပ်လှူပွဲ

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၂၄)သိပ္ပံလမ်း အုတ်ဖိုစုရပ်ကွက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲအမှတ် (၁၂၆)၏ (၇၂)ကြိမ်မြောက် သီတင်းကျွတ်တရားစခန်းပွဲနှင့် မိုးကုတ်ဆရာတော်ကြီး ခန္ဓာဝန်ချပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲကြီး၌ အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဓမ္မနန္ဒ မြန်အောင်ကျောင်း ငါးထပ်ကြီး ရန်ကုန်နှင့် နယ်လှည့်ဓမ္မကထိက ဆရာကြီး ဦးကျော်နိုင်(မန္တလေး)တို့က မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ဟောကြားမည်ဖြစ်ပြီး ကထိန်သင်္ကန်းလှူဒါန်းလိုသော အလှူရှင်များနှင့် တရားစခန်း ဝင်လိုသူများ ဦးစိန်ရွှေ ခရမ်းဆီဆိုင်တွင်လည်းကောင်း၊ ဖုန်း–၀၅၆ ၂၁၃၈၈၊ ၂၁၆၉၈၊ ၂၁၆၅၀၊ ၂၁၂၂၇ တို့သို့လည်းကောင်း ဆက်သွယ် စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

တောင်ငူအထက(၂)(အမျိုးသားကျောင်း) အာစရိယပူဇော်ပွဲ

တောင်ငူ အောက်တိုဘာ ၂၅

တောင်ငူမြို့ အထက(၂)(အမျိုးသားကျောင်း)၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို (၁၃၆၉ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၈ရက်) ဒီဇင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက–(၂)မင်္ဂလာခန်းမ၌ကျင်းပမည်ဖြစ်သည်။

တောင်ငူမြို့အထက(၂)(အမျိုးသားကျောင်း)၌ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ၊ ကျောင်းသားများ၊ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးတင်ထွေး(နဝဒေးမိတ္တူ)၊ ဦးကျော်မောင်(ရွှေနှင်းဆီ အလှူငွေစီမံခန့်ခွဲရေးကော်မတီရုံး) ဖုန်း ၀၅၄–၂၅၂၄၀၊ ဦးတင်လှိုင် ဖုန်း–၀၉ ၅၃၅၁၇၆၈၊ ဒေါ်ဝင်းဝင်းသက် (C.B ဘဏ်) ဖုန်း–၀၅၄–၂၄၂၂၄)နှင့် ဒေါ်ထက်ထက်မိုး(M.O.Bဘဏ်၊ ဖုန်း ၀၅၄–၂၄၆၂၁) တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၂၉)

ပုပ္ပားစကားဝါမြေ ဆရာတော်၏ ဝါကျွတ် တရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၃ ရပ်ကွက် ပဏ္ဍိတာရာမစာသင်တိုက်၏ နာယက စာချသာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် အောက်တိုဘာ ၂၇ ရက်တွင် လှိုင်မြို့နယ် အမှတ် ၇ ရပ်ကွက် ကျောင်းကုန်း(၂)လမ်းရှိ သန္တိသုခဓမ္မာရုံ၌ ဗုဒ္ဓဟူးဆွမ်းလောင်းအသင်းကြီး၏ ဆွမ်းသိမ်းအောင်ပွဲအဖြစ်လည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် လှိုင်မြို့နယ် ၇ ရပ်ကွက် သံလမ်းရှိ မယ်ဇီကုန်း ဓမ္မာရုံ၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည် ဖြစ်သည်။ (က–ပ)

အောက်တိုဘာ ၂၅ ရက် သီတင်းကျွတ်လပြည့် အကြိုညက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ထားသည်ကို ဖူးတွေ့ရစဉ်။ (ကြေးမုံ)

ရွှေတိဂုံစေတီတော် သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော သီတင်းကျွတ်မီးထွန်းပွဲတော်ကို ယနေ့ညနေ ၆ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ အောင်မြေနေရာ၌ကျင်းပရာ ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆီမီးစေတီများနှင့် ရောင်စုံမီးပုံးများကို ကိုင်ဆောင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်ခြင်း၊ မြတ်စွာဘုရားရှင်နှင့် နတ်ဗြဟ္မာများအား ပင့်ဖိတ်ခြင်း၊ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ဘုရားဂုဏ်၊ တရားဂုဏ်နှင့် သံဃာ့ဂုဏ်တော်များကို ပွားများခြင်း၊ မေတ္တာပို့ဆုတောင်းအမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထွန်းညှိပူဇော်

ထို့အပြင် ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ မြန်မာ့ရိုးရာ (၁၂)လရာသီပွဲတော်များ၊ ငရဲကြီးရှစ်ထပ်၊ (၃၈)ဖြာမင်္ဂလာ ဇာတ်တော်ကြီးဆယ်ဘွဲ့၊ ဝိပါက်တော်(၁၂)ပါးနှင့် အောင်ခြင်းရှစ်ပါးတို့ကို ရောင်စုံဆီမီးများဖြင့် သရုပ်ဖော်ပြသ ထွန်းညှိပူဇော်ထားသည်။

(သတင်းစဉ်)

မြင်းမိုရ်မီးပွဲ ဆင်နွှဲချိန်ဝါ အဘိဓမ္မာနေ့

☆ မဟာသက္ကရာဇ်၊ တွက်ရေစစ်လျှင်
ခုနှစ်တည်စိုး၊ တစ်ရာ့ကိုးဝယ်
ကောင်းကျိုးဆောင်အပ်၊ ရှင်တော်မြတ်လျှင်
သတ္တမ,ဝါ၊ စံမြန်းရာကား
တာဝတိံသာ၊ နတ်ပြည်မှာတည့်၊
ဝါတော်ဆိုသည့်၊ သုံးလပြည့်တိုင်
အဘိဓမ္မာတော်၊ ဟောမြွက်ဖော်လျက်
မယ်တော်မိနတ်၊ ကျေးဇူးဆပ်သည်
ဝါမြတ်သုံးလ တိုင်အောင်တည်း ....။

☆ ဝါလ လွတ်ကင်း၊ ကျွတ်သီတင်း၏
နှင်းရည်ဆမ်းစ၊ လပြည့်ညတွင်
လူ့ရပ်ခွင်မြတ်၊ သင်္ကဿနဂိုရ်ပြည်
စုံညီ နတ်ဗြဟ္မာ၊ ခြံရံပါလျက်
ဆင်းသက်ခဲ့ပေ၊ ရွှေငွေပတ္တမြား
စောင်းတန်းများတွင်၊ ရှင်မြတ်ဘုရား
ပတ္တမြားမှ၊ ရှုမဝသပွာယ်
ကြည်ညိုဖွယ်အဆင်း၊ လှမ်းကြွခြင်းကို
ရိုကျိုးညွတ်နူး၊ မီးရှူးတန်ဆောင်
ပြည်လုံးမှောင်ခွာ၊ လင်းရောင်ဖြာလက်
ကြိုလျက်ပူဇော်၊ ကော်ရော်ဦးညွှတ်
သီတင်းကျွတ်ဆို၊ မြင်းမိုရ်မီးပွဲ
ဆင်နွှဲလန်းဆန်း၊ ငြိမ်းအေးချမ်းစွ
ဗုဒ္ဓသာသနာ၊ ထွန်းလင်းဖြာသည်
စကြာကျွန်းလုံး တိုင်အောင်တည်း ....။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ပဲခူးတိုင်း တောင်ငူမြို့ ရုံးဟောင်းလမ်းနေ ဦးလှစိုး-ဒေါ်ကျင်မွှေး မိသားစုက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် တိပိဋကထေရပါလ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် အလှူတော်ငွေ ကျပ် သိန်း ၁၀၀ ကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍပါလထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဆရာကြီး ဦးကျော်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တိပိဋက ထေရပါလကျောင်းဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက်၊ တိပိဋက ပုလဲရောင်ရှိန်စာသင်တိုက် မုခ်ဦး ပန္နက်တင်မင်္ဂလာ၊ တိပိဋကဓရဆရာတော် ဘဒ္ဒန္တကုဏ္ဍပါလ သီတင်းသုံးမည့် တိပိဋက ထေရပါလ နှစ်ထပ်ကျောင်းဆောင် ပန္နက်တင်မင်္ဂလာ ပထမအကြိမ် အလှူငွေပေးအပ်ပွဲ မင်္ဂလာအခမ်းအနားကို (၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်) အောက်တိုဘာ ၁၆ရက် နံနက် ၉ နာရီခွဲတွင် တိပိဋက ပုလဲရောင်ရှိန်စာသင်တိုက် လွင်ပြင်ယာယီမဏ္ဍပ်၌ ကျင်းပရာ အလှူရှင်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုလှူဒါန်းကြသည်။

အခမ်းအနားတွင် ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသက ငါးပါးသီလချီးမြှင့်ပြီး ပဲခူးမြို့ မင်းကျောင်းဆရာတော် ဘဒ္ဒန္တသူရိယ(ပါဠိပါရဂူ B.A) အရှင်သူမြတ်က အနုမောဒနာတရားချီးမြှင့်ကာ (၁၁)ပါးမြောက် တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍပါလက ရေစက်သွန်းချ အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

တိပိဋက ထေရပါလကျောင်းဆောင်ဆောက်လုပ်ရန်အတွက် အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၃၀၄ သိန်းကို အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဆရာကြီး ဦးကျော်မင်းက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

စိန်နဂါး ကြွေထည်၊ မြေထည်၊ ဖန်ထည်စက်မှုကုန်ထုတ် သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၅

မရမ်းကုန်းမြို့နယ် သမိုင်း(၂)ရပ်ကွက်ရှိ စိန်နဂါး ကြွေထည်၊ မြေထည်၊ ဖန်ထည်စက်မှုကုန်ထုတ် သမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် အသင်းပိုင်စက်ရုံ သက်သာချောင်ချိရေးအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီတွင် အသင်းရုံးခန်း၌ ကျင်းပရာ ရန်ကုန်တိုင်း အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင် (အငြိမ်းစား)၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသောင်းနှင့် တာဝန်ရှိသူများ၊ အသင်းသားများ တက်ရောက်ကြပြီး သဘာပတိ အသင်းဥက္ကဋ္ဌ ဦးထွဏ်းရည်**(အပေါ်ပုံ)**နှင့် အသင်းနာယက ဦးစိန်ထွန်းတို့က အမှာစကား ပြောကြားကြပြီး ဒါရိုက်တာအဖွဲ့နှင့် စာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားအတည်ပြုကြသည်။

ထို့နောက် အသင်းနာယကနှင့် သက်ကြီးဝန်ထမ်း ၁၀ ဦးတို့အား အသင်းသားများက လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ဆက်လက်၍ စက်ရုံသက်သာချောင်ချိရေးအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပရာ ဝန်ထမ်း ၅၁ ဦးအတွက် ပညာရေး၊ ကျန်းမာရေး၊ သာရေးနာရေးနှင့် သက်သာချောင်ချိရေးအတွက် ကျပ် ခြောက်သိန်းဖိုး ထောက်ပံ့နိုင်ခဲ့သည်။

အသင်းအနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အသားတင်အမြတ်ငွေ ကျပ် ၄၃၁၇၁၀၊ အစုပေါ်အမြတ် ၉၈၇၇၂ ကျပ်၊ ဒါရိုက်တာဆု ၁၆၆၂၈ ကျပ်၊ ဝန်ထမ်းဆု ၁၆၆၂၈ ကျပ်နှင့် လုပ်အားအပိုဆုကြေး ကျပ် ၁၀၄၉၆၂၀ ခွဲဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

(သမဝါယမ)

ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်း ကထိန်သင်္ကန်း ဆက်ကပ်မည်

ရန်ကုန် အောက်တိုဘာ ၂၅

ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်၌ မော်လမြိုင်ကျွန်းမြို့ ရွှေဟသာ်ရွှေဆိုင်မိသားစုက ကထိန်အလှူငွေ မ,တည်၍ စက်ရုံဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနအား (၅၃၅)ကြိမ်မြောက် သိက္ခာတော်ထပ်နှင့် အကြိမ်(၂၀)မြောက် စုပေါင်းကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်၊ (နိုဝင်ဘာ ၁၀ရက်) စနေနေ့ နံနက် ၈နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် လှူဒါန်းလိုသော အလှူရှင်များသည် သင်္ကန်းတစ်စုံလျှင် ဆွမ်းအလှူငွေ အပါအဝင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် အကျိုးဆောင်အဖွဲ့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရေဒီယိုသတင်းထောက် အီရတ်တွင် ပျောက်ဆုံးနေ

ပရာဟာ အောက်တိုဘာ ၂၄

အမေရိကန်ရန်ပုံငွေဖြင့် ဖွင့်လှစ်ထားသော လွတ်လပ်သောဥရောပရေဒီယို၏ သတင်းထောက်တစ်ဦးသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက လူတွေ့မေးမြန်းခန်းပြုလုပ်ရန် ကားဖြင့် သွားလာစဉ် ပျောက်ဆုံးကြောင်း အဆိုပါရေဒီယိုအသံလွှင့်ဌာနက ပြောကြားသည်။

လွတ်လပ်သော ဥရောပရေဒီယို၏ သတင်းထောက်မှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး သူမ၏ယာဉ်မောင်းအလောင်းကို ရဲတပ်ဖွဲ့က လမ်းပေါ်တွင် ရှာဖွေတွေ့ရှိကြောင်း၊ သတင်းထောက်နှင့်ကားကိုမူ မတွေ့ရကြောင်း ရေဒီယိုကပြောကြားသည်။

လွတ်လပ်သော ဥရောပရေဒီယိုအသံလွှင့်ဌာနသည် ချက်နိုင်ငံ မြို့တော် ပရာဟာတွင်အခြေစိုက်သည်။

ယခုနှစ်အတွင်း အီရတ်နိုင်ငံတွင် အဆိုပါအသံလွှင့်ဌာနမှ အီရတ်လူမျိုး သတင်းထောက်နှစ်ဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။



ကမ္ဘောဒီးယားနိုင်ငံရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းကို အောက်တိုဘာ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်နိုင်ငံခြားရေးဌာန လုံခြုံရေးအရာရှိ ရာထူးမှ နုတ်ထွက်

ဝါရှင်တန် အောက်တိုဘာ ၂၅

အီရတ်ရှိ အမေရိကန်သံတမန်များနှင့် အရာထမ်းများ လုံခြုံရေးအတွက် ငှားရမ်းထားသော လုံခြုံရေးကုမ္ပဏီများအား ကြီးကြပ်မှု ညံ့ဖျင်းသည်ဟူသော ဝေဖန်ချက်များ ထွက်ပေါ်လာပြီးနောက် အမေရိကန်နိုင်ငံခြားရေးရုံး လုံခြုံရေးအရာရှိ ရစ်ချတ်ဂရစ်ဖင်သည် အောက်တိုဘာ ၂၄ရက်က ရာထူးမှ နုတ်ထွက်သွားသည်။

၎င်း၏ နုတ်ထွက်လွှာကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က လက်ခံကြောင်းပြောရေးဆိုခွင့်ရှိသူ ဂျူလီရီဆိုက်က ပြောကြားသည်။

အီရတ်ရှိနိုင်ငံခြားရေးဝန်ထမ်းများကို စောင့်ရှောက်ရန် အမေရိကန်တို့ ငှားရမ်းထားသော ပုဂ္ဂလိက ဘလက်ဝါးတား လုံခြုံရေးကုမ္ပဏီမှ ဝန်ထမ်းများက အောက်တိုဘာ ၁၆ရက်တွင် လူစည်ကားရာ ဘဂ္ဂဒက်ရင်ပြင်၌ လူအုပ်အတွင်း ပစ်ခတ်ခဲ့သဖြင့် အရပ်သား ၁၇ဦး သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၏ လူ့အခွင့်အရေး ချိုးဖောက်မှု သရုပ်ဖော်ဇာတ်ကား ရောမ ရုပ်ရှင်ပွဲတော်တွင် ပြသ

ရောမ အောက်တိုဘာ ၂၄

အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူများအား နိုင်ငံခြားအကျဉ်းထောင်များတွင် အကျဉ်းကျခံစေသည့် အမေရိကန်နိုင်ငံ၏ လုပ်ရပ်များကို ဖော်ကျူးသည့် ရုပ်ရှင်ကားသည် အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို အများပြည်သူတို့ သတိမူလာစေရန် အထောက် အကူပေးမည်ဖြစ်ကြောင်း ဟောလိဝုဒ် ဒါရိုက်တာ ဂါဝင်ဟုဒ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အမေရိကန်အစိုးရသည် အမျိုးသား လုံခြုံရေးဟုဆိုကာ လူ့အခွင့်အရေး ချိုးဖောက်နေပုံကို မိမိ၏ " Rendition" အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် တွေ့မြင် နိုင်ကြောင်း၊ အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)က အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူများကို အကန့်အသတ်မရှိ ထိန်းသိမ်းခြင်း နှင့် ညှဉ်းပန်းနှိပ်စက်သည့် နည်းလမ်းဖြင့် စစ်ကြောမေးမြန်းခြင်းတို့ ရှိနေပုံကို ယင်းဇာတ်ကားတွင်တွေ့မြင်နိုင်ကြောင်းဖြင့် ဒါရိုက်တာ ဟုဒ်က အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့်ရုပ်ရှင်ပွဲတော်၌ သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

အမေရိကန်ရေငုပ်သင်္ဘော ဓာတ်ပေါင်းဖိုး စစ်ဆေးရန် ပျက်ကွက်

ဝါရှင်တန် အောက်တိုဘာ ၂၅

အမေရိကန် အဏုမြူရေငုပ်သင်္ဘောမှ ရေတပ်သားများသည် သင်္ဘော၏ ဓာတ်ပေါင်းဖိုကို နေ့စဉ်ပုံမှန်စစ်ဆေးကြရမည်ဖြစ်သော်လည်း တစ်လကြာမျှ မစစ်ဆေးဘဲ ပျက်ကွက်နေသည်ကို အောက်တိုဘာ ၂၂ရက်က စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ လုံခြုံရေးတာဝန်ပျက်ကွက်မှုကို ဖုံးကွယ်သည့်အနေဖြင့် သင်္ဘောသားများသည် မှတ်တမ်းအတုများ ပြုလုပ်ရန် ကြိုးစားခဲ့ကြသည်ဟု ဆိုသည်။ မကြာသေးမီကလည်း အမေရိကန် လေတပ်မှ တာဝန်ပေါ့လျော့သူအချို့၏ လုပ်ဆောင်မှုကြောင့် ဘီ-၅၂ ဗုံးကြဲလေယာဉ်ပေါ်တွင် အဏုမြူဗုံး တင်ဆောင်ပြီး အမေရိကန်နိုင်ငံကို ဖြတ်၍ ပျံသန်းခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ကွန်ဘတ်ကွန်နန်းတော် အဆောက်အအုံကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တူးမြောင်းအတွင်းဘတ်စ်ကားထိုးကျ နှစ်ဦးသေဆုံး၊ ၁၇ ဦး ဒဏ်ရာရ

ဗန်ကောက် အောက်တိုဘာ ၂၄

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ဆီဆာကက်ခရိုင်ရှိ တူးမြောင်းအတွင်းသို့ တနင်္ဂနွေနေ့ နံနက်ပိုင်းက ဘတ်စ်ကားတစ်စီးထိုးကျသွားခဲ့သဖြင့် နှစ်ဦးသေဆုံးပြီး ၁၇ဦးဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းအရသိရသည်။

ဘတ်စ်ကားယာဉ်မောင်းသည် အိပ်ငိုက်သဖြင့်ဘတ်စ်ကားကိုထိန်းချုပ်နိုင်ခြင်းမရှိဖြစ်ကာ ဟေးဆစ်ရန်တူးမြောင်းအတွင်း ထိုးကျခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ကို ကိုးကား၍ နေးရှင်းသတင်းစာက ရေးသားသည်။

ယာဉ်နောက်လိုက်မှာ ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ ခရီးသည်တစ်ဦးမှာ ဆေးရုံတွင် သေဆုံးသွားပြီး ကျန်ခရီးသည် ၁၇ဦး ဒဏ်ရာအနည်းငယ်စီရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုများ ဖြစ်ပွား

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် တနင်္လာနေ့ နံနက်က လမ်းဘေးဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း ပြည်ထဲရေးဌာနက ပြောကြားသည်။ ဘဂ္ဂဒက်တောင်ပိုင်း ဇာဖာရန်နီယာဒေသတွင် လမ်းဘေးဗုံးနှစ်လုံးပေါက်ကွဲရာ နှစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်များအပါအဝင် ရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပထမဗုံးပေါက်ကွဲခဲ့ရာတွင် အရပ်သားနှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။ နောက်ထပ်ဗုံးတစ်လုံးသည် အခင်း ဖြစ်ပွားရာသို့ လာရောက်သည့် ရဲတပ်ဖွဲ့မော်တော်ယာဉ်တန်းအနီးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာ ရရှိခဲ့သည်ဟုဆိုသည်။ အယ်လ်ဝီယာဒေသရှိ ဆက်သွယ်ရေးဌာနအနီး ဗုံးတစ်လုံးပေါက်ကွဲရာ နှစ်ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာ ရရှိခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ မူးယစ်ဆေးဝါးထုတ်လုပ်မှု ရပ်ဆိုင်းသွားစေရန် ဗြိတိန် လုပ်ဆောင်နိုင်ခြင်းမရှိ

ကဘူး အောက်တိုဘာ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွင် ဦးဆောင်ဦးရွက်ပြုကာ ကြိုးပမ်းနေသည့် ဗြိတိန်နိုင်ငံသည် ယင်းနိုင်ငံ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှုကျဆင်းစေရန် ဆောင်ရွက်နိုင်ခြင်းမရှိသလို မူးယစ်ဆေးဝါးထုတ်လုပ်မှု ရပ်ဆိုင်းသွားစေရန်လည်း လုပ်ဆောင်နိုင်ခြင်း မရှိကြောင်း အာဖဂန်သတင်းစာများက တနင်္လာနေ့တွင် ရေးသားကြသည်။

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် ဗြိတိန်သို့ လေးရက်ကြာ သွားရောက်စဉ်အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။ ၂၀၀၇ခုနှစ်အတွင်း ကမ္ဘာ့ဘိန်းထုတ်လုပ်မှု၏ ၉၃ရာနှုန်း အထိကို အာဖဂန်နစ္စတန်နိုင်ငံက ထုတ်လုပ်ခဲ့ပြီး တာလီဘန် ပြောက်ကျားများသည် ဘိန်းလုပ်ငန်းမှ ဝင်ငွေဖြင့် ရပ်တည်နေကြကြောင်း ကာဇိုင်းက ပြောကြားသည်။

မူးယစ်ဆေးဝါးကိစ္စနှင့် စပ်လျဉ်း၍ အာဖဂန်သမ္မတ ကာဇိုင်းအနေဖြင့် ဖိအားပေးခံနေရကြောင်း၊ ဗြိတိန်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှု ရပ်ဆိုင်းစေရန် လုပ်ဆောင်နိုင်ခြင်း မရှိကြောင်း သတင်းစာများက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ညကပွဲရုံ၌ ဓာတ်ငွေ့အဆိပ်သင့်

အူရီဂါ အောက်တိုဘာ ၂၄

တရုတ်နိုင်ငံ စင်းကျန်အူရီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယူရမ်ကွီမြို့ရှိ ညကပွဲရုံတွင် စနေနေ့က မွေးနေ့ပွဲကျင်းပစဉ် ဓာတ်ငွေ့အဆိပ်သင့်မှုကြောင့် ကျောင်းသား ၄၃ ဦးကို ဆေးရုံသို့ တင်ပို့ကုသပေးလိုက်ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ညကပွဲရုံရှိ လျှပ်စစ်ဓာတ်အားပေးစက် လောင်စာဆီချို့ယွင်းချက်ကြောင့် ဓာတ်ငွေ့အဆိပ်သင့်ရခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ထိုင်းနိုင်ငံ ဗန်ကောက်ဆိပ်ကမ်းသို့ ဝင်ရောက်လာသော ကုန်သေတ္တာတင်သင်္ဘောတစ်စင်းကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

✱ ရှေ့ဖုံးမှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် စည်သာရေကူရေလှောင်တမံသည် ၁၉၈၈ခုနှစ်နောက်ပိုင်း တည်ဆောက်ခဲ့သည့် ဆည်မြောင်းစီမံကိန်းများအနက် ၂၀၄ခုမြောက် ဆည်ဖြစ်သကဲ့သို့ မန္တလေးတိုင်းအတွင်း၌ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်များအနက် ၅၁ ခုမြောက် ဆည်လည်းဖြစ်ကြောင်း။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ စည်သာရေကူရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

စည်သာရေကူရေလှောင်တမံမှ တည်ဆောက်ပြီး စည်သာရေလှောင်တမံကို ရေကူပေးမှာဖြစ်ကာ ရတနာပုံမြို့သစ်သို့ နေ့စဉ် ရေဂါလန်တစ်သန်း ပေးဝေမှာဖြစ်သည့်အပြင် စည်သာဆည်ရေသောက်ဧရိယာဧက ၂၅၀ အတွင်း မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကိုလည်း ရာသီမရွေး စိုက်ပျိုးသွားနိုင်အောင် အထောက်အကူပြုပေးတော့မည်ဖြစ်ကြောင်း။

မန္တလေးတိုင်းအတွင်း ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စိုက်ပျိုးမည့် မိုးစပါး ၁၀၀၂၁၉၆ ဧကအနက် ဆည်၊ ကန်များဖြင့် ၅၅၀၈၆၁ ဧကကို ရေပေးသွင်း စိုက်ပျိုးသွားမှာဖြစ်ကြောင်း။

မန္တလေးတိုင်း၏ ဒေသဝမ်းစာဖူလုံရေးအတွက် စပါးပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်လျက်ရှိကြောင်း၊ ယင်းသို့စပါးပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ရေရရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ရေရရှိရေး နည်းလမ်းစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်မှ အကောင်အထည်ဖော်ပေးထားသည့် ဆည်မြောင်းတာတမံများကို မိမိတို့၏ သားစဉ်မြေးဆက် လက်ဆင့်ကမ်း အမွေပေးနိုင်ရေးအတွက် ဆည်မြောင်းဆိုင်ရာ လုပ်ငန်းများအတွက် ရေးဆွဲသတ်မှတ်ထားသည့် တာတမံနှင့် တူးမြောင်းဥပဒေကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ယခု စည်သာရေကူရေလှောင်တမံမှ ပြင်ဦးလွင်ဒေသ ရတနာပုံမြို့သစ်ကို သောက်သုံးရေ ဖူလုံအောင် ဖြည့်ဆည်းအထောက်အကူပြုနိုင်မည့်အပြင် စည်သာရေကူရေလှောင်တမံ၏ ဆည်ရေသောက်ဖြစ်သည့် ဆင်ခေါင်းကြီးနှင့် ကံကြီးကုန်းကျေးရွာအုပ်စုနှစ်ခုက မိုးစပါးနှင့် ဂျုံသီးထပ်စိုက်ဧက ၁၃၀ ကို ရေပေးဝေနိုင်မှာ ဖြစ်သည့်အပြင် မူလ စည်သာရေလှောင်တမံ၏ ရေသောက်စိုက်ပျိုးဧရိယာဧက ၂၅၀ ကိုလည်း တိုးတက်ရေပေး စိုက်ပျိုးလာနိုင်မှာဖြစ်ကြောင်း။

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေရရှိရေးရည်ရွယ်ချက်များနှင့် တည်ဆောက်ပေးလိုက်သည့် စည်သာရေကူရေလှောင်တမံကို ရေရှည်တည်တံ့အကျိုးပြုစေရန် ဒေသနေ ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြပါဟု မှာကြားလိုကြောင်း၊ ရေလှောင်တမံ ရေဝင်ကောင်းစေရန် ရေဝေရေလဲဒေသများတွင် သစ်တောသစ်ပင်များ တည်ရှိနေရအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးကြရန်နှင့် ယခု ရေလှောင်တမံက ဆည်ရေကို စနစ်တကျ သုံးစွဲလုပ်ကိုင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပြင်ဦးလွင်မြို့နယ်မှ ဦးအောင်ဌေးကျော်က စည်သာရေကူရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီးနောက် စည်သာရေကူရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် စည်သာရေကူရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က စည်သာရေကူရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စည်သာရေကူရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ရေလှောင်တမံ တည်ဆောက်ခဲ့ကြသည့် တာဝန်ရှိသူများနှင့် အတူ ရေလှောင်တမံ ဖွင့်ပွဲအထိမ်းအမှတ် မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စည်သာရေကူရေလှောင်တမံ မြေသားတမံ၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စည်သာရေလှောင်တမံသည် လက်ရှိ စည်သာရေလှောင်တမံ၏ အထက်ပေ ၃၀၀၀ အကွာ စည်သာချောင်းပေါ်၌ တည်ရှိသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး အမြင့် ၉၅ပေ၊ အလျား ၉၁၅ပေရှိကာ ရေဧကပေ ၁၉၄၅၊ ရေဂါလန်သန်း ၅၀၀ သိုလှောင်နိုင်သည်။ စည်သာရေကူရေလှောင်တမံမှာ ပြင်ဦးလွင်ဒေသ ရတနာပုံမြို့သစ် သောက်သုံးရေ ဖူလုံရန် နေ့စဉ် ရေဂါလန်တစ်သန်း ဖြည့်ဆည်းပေးမည့်အပြင် ဆည်ရေသောက်ဒေသ ဆင်ခေါင်းကြီးကျေးရွာနှင့် ကံကြီးကုန်းကျေးရွာတို့တွင် စိုက်ဧက ၁၃၀ စိုက်ပျိုးရေပေးနိုင်ပြီး မူလ စည်သာရေလှောင်တမံ၏ ရေသောက်ဧက ၂၅၀ ကိုလည်း ဆည်ရေ ပိုမိုအပြည့်အဝပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရေဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသမှုလုပ်ငန်း ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၂၅

ရေဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့သည် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ လိုက်ပါလျက် အောက်တိုဘာ ၁၉ရက်

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေးတွင် လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ကျော်က တည်ထားခဲ့သော ရှေးဟောင်းဝါကြီးစေတီတော်တွင် မူလ ဘုရားဒါယကာ၊ ဒါယိကာမများကို အမှူးထား၍ ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူး၍ နတ်တော်လပြည့်နေ့တင်လှူမည့် ဖြူစင်မေတ္တာဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်)-ဒေါ်နန်းခမ်းဆာ (ဖြူစင်မေတ္တာရတနာဆိုင် ဗိုလ်ချုပ်ဈေး) မိသားစုက ငွေကျပ်ခုနစ်သိန်းတန် ရွှေထီးတော်ကို ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် လောကနတ် နိမ္မာန်ကုန်ဆိုင်တွင် ပေးအပ်လှူဒါန်းရာ ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်တို့က လက်ခံရယူစဉ်။ (၆၁)

မွန်းလွဲပိုင်းတွင် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ရေဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မအူပင်ခရိုင် မျက်စိဝေဒနာရှင်များ အခမဲ့ ခွဲစိတ်ကုသပေးခြင်းလုပ်ငန်း ဦးစီးကော်မတီတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်မျက်စိ အထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာဦးတင်ဝင်း၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာ စဂျေလွန် ဦးဆောင်သော မျက်စိအထူးကု ဆရာဝန်များအဖွဲ့က မျက်စိဝေဒနာရှင်များအား စမ်းသပ်ပေးနေမှုကိုလည်းကောင်း၊ မအူပင် အထွေထွေရောဂါကု ဆေးရုံကြီး၌ ခွဲစိတ်ကုသနေမှုကို လည်းကောင်း၊ ခွဲစိတ်မည့် လူနာများကိုလည်းကောင်း၊ ခွဲစိတ်ရန် စောင့်ဆိုင်းနေသော လူနာများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။

အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် တိုးရွှေဝါခန်းမ၌ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများက စမ်းသပ်စစ်ဆေးရန် ရောက်ရှိနေသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အချိုရည်များ ဆက်ကပ်ခြင်း၊ စမ်းသပ်စစ်ဆေးမည့် လူနာများအား အစားအသောက်များ ဝေငှနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး မအူပင် အထွေထွေရောဂါကု ဆေးရုံကြီးတွင် ခွဲစိတ်ကုသပေးနေမှုကို လည်းကောင်း၊ ခွဲစိတ်မည့် လူနာများကို လည်းကောင်း၊ စောင့်ဆိုင်းနေသည့် လူနာများကိုလည်းကောင်း တွေ့ဆုံအားပေးသည်။

ရေဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့ မျက်စိဝေဒနာရှင်တစ်ဦးအား မျက်မှန် တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

မအူပင်ခရိုင် မျက်စိဝေဒနာရှင်များ အခမဲ့ ခွဲစိတ်ကုသပေးခြင်း အခမ်းအနားတွင် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာ ဦးတင်ဝင်း၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာ စဂျေလွင်၊ မြောက်ဥက္ကလာပဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာ ဦးကိုကိုသန်း၊ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါ်သူဇာဟန်၊ တပ်မတော်(ဆေး)မှ ဗိုလ်မှူးရူပါအောင် ပါဝင်သော ဆရာဝန်ကြီး ငါးဦး၊ မျက်စိအထူးကုဆရာဝန် ၁၃ဦး၊ သူနာပြု ၁၈ဦး၊ မျက်မှန်ကျွမ်းကျင် သုံးဦး၊ မှန်ဘီလူးပါဝါတိုင်းအဖွဲ့ဝင် ၄၅ဦးတို့က အောက်တိုဘာ ၁၉ ရက်မှ ၂၁ရက်အထိ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အဋ္ဌမနေ့အစီအစဉ်များ နေပြည်တော် ရေဆင်း၌ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဋ္ဌမနေ့ အစီအစဉ်များကို အောက်တိုဘာ ၂၄ ရက်တွင် နေပြည်တော် ရေဆင်းရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မစပယ်ဖွေးနှင့်အဖွဲ့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အဆိုပါ ပြိုင်ပွဲများကျင်းပရာ နေရာများသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီ များမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း အမှုထမ်းများ၊ နေပြည်တော်၌ လေ့လာရေးရောက်ရှိ နေကြသော တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ကျောင်းသား၊ကျောင်းသူများနှင့် မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာကို မြတ်နိုးလေးစားကြသော ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

မဟာဂီတ အဆိုပြိုင်ပွဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ မဟာဂီတ အဆိုပြိုင်ပွဲကိုနေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၌ နံနက် ၉နာရီတွင်ကျင်းပရာ အဆိုအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ)(အငြိမ်းစား) ဂီတပညာရှင် ဒေါ်တင်တင်မြနှင့် အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ မဟာဂီတ အကဲဖြတ်ပညာရှင်များအဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်အမျိုးသား မဟာဂီတ(အဆိုပြိုင်ပွဲ)ကို ကျင်းပရာ **"သူရကာန်"**(ပတ်ပျိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ခိုင်မျိုးဝေ၊ စစ်ကိုင်းတိုင်းမှ မောင်ထန်လျှန်ကပ်၊ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်၊ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်း၊ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်နှင့် ကချင်ပြည်နယ်မှ မောင်သီဟကျော်တို့က သီဆို ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို ဆက်လက် ကျင်းပရာ **"ဖြူပြာမူရာ"**(ပတ်ပျိုး) တေးသီချင်းဖြင့် ကယားပြည်နယ်မှ မစန်းစန်းနွယ်၊ ချင်းပြည်နယ်မှ ဒေါ်မြင့်မြင့်၊ ကရင်ပြည်နယ်မှ မအေးအေးကျော်(ခေါ်) မဌေးဌေးအောင်၊ စစ်ကိုင်းတိုင်းမှ ဒေါ်မေစန္ဒာဝင်း၊ မကွေးတိုင်းမှ ဒေါ်တင်နိုင်မိုး၊ မန္တလေးတိုင်းမှ မသဉ္ဇာမျိုး၊ ပဲခူးတိုင်းမှ ဒေါ်ချယ်ရီဝင်း၊ တနင်္သာရီတိုင်းမှ ဒေါ်ချယ်ရီဆွေ၊ ရခိုင်ပြည်နယ်မှ ဒေါ်သန်းသန်းဝင်း၊ မန္တလေးတိုင်းမှ မမေသက်ရှင်း၊ ဧရာဝတီတိုင်းမှ ဒေါ်ဝင်းဝင်းကြည်ခိုင်၊ မွန်ပြည်နယ်မှ ဒေါ်ကျင်ရွှေ၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ ရန်ကုန်တိုင်းမှ မခင်ခင်အေးနှင့် ကချင်ပြည်နယ်မှ ဒေါ်မြဝင်းကြည်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ရုပ်သေးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ရုပ်သေးပညာရှင် ဦးရဲဒွေးနှင့် ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား)ရုပ်သေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ရဲညီညီ၊ ရှမ်းပြည်နယ်မှ ဦးသိန်းလွင်၊ ရခိုင်ပြည်နယ်မှ မောင်ရင်မွန်၊ မန္တလေးတိုင်းမှ ဦးကျော်သက်ဦး၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာအောင်၊ မန္တလေးတိုင်းမှ ဦးရန်လင်းအောင်နှင့် မွန်ပြည်နယ်မှ မောင်စိုးမိုးအောင်တို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသမီး) ရုပ်သေးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ချင်းပြည်နယ်မှ မမန်းဇင့်ညောင်း၊ မန္တလေးတိုင်းမှ မမို့မို့လှိုင်၊ ကရင်ပြည်နယ်မှ မနန်းအိုချစ်ရာ၊ ဧရာဝတီတိုင်းမှ ဒေါ်ခင်နီမာ၊ မန္တလေးတိုင်းမှ မပြုံးတင်၊ ရန်ကုန်တိုင်းမှ မနှင်းငယ်ငယ်အောင်၊ ရန်ကုန်တိုင်းမှ မဝေနန္ဒာအောင်နှင့် မွန်ပြည်နယ်မှ မသဇင်ဝင်းတို့ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အရေးပြိုင်ပွဲ၏ တေးစာရေးသားပြီး သံစဉ်ထည့်သွင်းသီချင်းပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)၌ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံဂီတ အစည်းအရုံး ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း)

ထိုသို့ကျင်းပရာ (ဝါသနာရှင်အဆင့်) (ဒုတိယတန်း) (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲတွင် အောက်တိုဘာ ၁၇ရက်က တေးစာရေးသား ပြိုင်ပွဲဝင်ခဲ့ကြသော **"သတိနှင့်ယှဉ်အောင်ပွဲဆင်"**တေးစာကို ကချင်ပြည်နယ်မှ ဒေါ်မြဝင်းကြည်၊ မကွေးတိုင်းမှ ဦးသိုက်ထွန်း၊ စစ်ကိုင်းတိုင်းမှ ဦးသောင်းတန်၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်ဝင်းဆွေ(ခ)မြကြာဖြူ၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ မန္တလေးတိုင်းမှ ဦးငြိမ်းချမ်းအောင်၊ မွန်ပြည်နယ်မှ ဦးသိန်းစိုး၊ တနင်္သာရီတိုင်းမှ ဦးဇော်ထွန်းသောင်း၊ ဧရာဝတီတိုင်းမှ ဦးစိုးမြင့်၊ မန္တလေးတိုင်းမှ ဦးကောင်းထက်ကျော်၊ ချင်းပြည်နယ်မှ ဦးဇော်မင်းလတ်၊ ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်မိမိမိုး၊ ကယားပြည်နယ်မှ မောင်စိုးရာဇာဝင်းနှင့် ကရင်ပြည်နယ်မှ ဦးမျိုးလင်းလင်းတို့က သီဆို၍ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ တယောအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်း တက္ကသိုလ်နယ်မြေရှိ သစ်တောသုတေသနဌာနစုဝေးခန်းမ၌ ကျင်းပရာ တယောအတီးအကဲဖြတ် အဖွဲ့ခေါင်းဆောင် တယောဦးတင်ဌေးနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ထိုသို့ ပြိုင်ပွဲဝင်ရာတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) တယောအတီးပြိုင်ပွဲတွင် **"ထူးမခြားနား"**(သီချင်းခံ) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဦးတင်ရှိန်၊ စစ်ကိုင်းတိုင်းမှ ဦးသိန်းကျော်၊ မကွေးတိုင်းမှ ဦးတင်အုန်း၊ မန္တလေးတိုင်းမှ ဦးအေး၊ ရန်ကုန်တိုင်းမှ ဦးယုမောင်၊ ပဲခူးတိုင်းမှ ဦးသန်းရှိန်၊ ကယားပြည်နယ်မှ မောင်စောထူးထူးဝေ၊ ဧရာဝတီတိုင်းမှ ဦးတင်စိုးနှင့် ရန်ကုန်တိုင်းမှ ဦးချိုကြီး(ခေါ်) ချိုအေးတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် **"ထူးမခြားနား"** (သီချင်းခံ) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်း၊ ရန်ကုန်တိုင်းမှ မအေးပြည့်ပြည့်ဖြိုး၊ ကချင်ပြည်နယ်မှ ဒေါ်အေးစုမွန်နှင့် ရန်ကုန်တိုင်းမှ မတင်ဝင်းရီတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား) တယော အတီးပြိုင်ပွဲတွင် **"ဆိပ်ကမ်းသာ"** (ကာလပေါ်) တေးသီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ထက်အောင်လင်း၊ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ ရန်ကုန်တိုင်းမှ မောင်မင်းသုခ၊ တနင်္သာရီတိုင်းမှ မောင်ဟိန်း ကိုကိုနှင့် မန္တလေးတိုင်းမှ မောင်ဇော်ရဲနန္ဒထွန်းတို့က ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် အမျိုးသမီး တယောအတီးပြိုင်ပွဲတွင် **"ဇေယျာအောင်ချာ"** (ကြိုး)သီချင်းဖြင့် ကယားပြည်နယ်မှ မနော်ဒိုနေထူး၊ ကချင်ပြည်နယ်မှ မအေးလင်းသူ၊ ရန်ကုန်တိုင်းမှ မနော်သင်းသင်းလှနှင့် မနော်အိဖူးငုံတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဂီတာအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)၌ ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ ဂီတာအကဲဖြတ်ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဂီတာဦးဖေဝင်းနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင် **"ချစ်သမျှကို"**(ပတ်ပျိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးသိန်းနိုင်၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ဝင်း၊ ပဲခူးတိုင်းမှ ဦးမောင်သန်း၊ ဧရာဝတီတိုင်းမှ ဦးအောင်သိန်း၊ ရန်ကုန်တိုင်းမှ ဦးမြင့်ကြည်နှင့် မန္တလေးတိုင်းမှ ဦးသိန်းဝင်းတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"မန်းတောင်လက်ယာ"**(ယိုးဒယား)သီချင်းဖြင့် ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်နှင့် ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့်အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား) ဂီတာ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"အောင်နိမိတ်"**(ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်နှင့် မောင်ချမ်းဟိန်းအောင်၊ ကရင်ပြည်နယ်မှ မောင်သူရ၊ ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်နှင့် ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"မှန်ညောင်သဉ္ဇာ ဝတ်တော်ရုံ"** (ဘွဲ့)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မအေးမြတ်သူနှင့် ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်းတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"ဝေဘာဂီရိ"**(ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စိုင်းလမင်းအောင်နှင့် မောင်စည်သူထွန်း၊ မန္တလေးတိုင်းမှ မောင်မျိုးနိုင်ဦးတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက်အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ် (အမျိုးသမီး)ဂီတာ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"ဘုံဆောင်မြင့်"**(ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မမေအေးအေးချမ်း(ခေါ်) ကြာလေးစိန်နှင့် မသက်ထားဝေတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဆိုင်းအဖွဲ့လိုက် အတီးအကဲဖြတ်ပညာရှင်များအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် မန္တလေး တိုင်းမှ မရွှေစင်ကလျာထက်ထက်ကျော်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဒေါ်မြသူဇာ(ခ)မြင့်မြင့်ခိုင်နှင့် အဖွဲ့နှင့် မန္တလေးတိုင်းမှ ဒို့ဗိုလ်လှ(ခ) အေးသန္တာလွင်နှင့် အဖွဲ့တို့က တီးခတ်၍ ပြိုင်ပွဲဝင် ကြသည်။

မွန်းလွဲပိုင်းတွင် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး)ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မဝင့်သဉ္ဇာစတင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မစပယ်ဖွေးနှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မခင်မာဖြိုးနှင့် အဖွဲ့တို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မအေးစုမွန်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မစန်းမြမြနှင့် အဖွဲ့နှင့် မအေးနန္ဒာဝင်းနှင့်အဖွဲ့၊ မွန် ပြည်နယ်မှ မချောစုလှိုင်နှင့်အဖွဲ့နှင့် ဧရာဝတီတိုင်းမှ မဂွစာ(ခ) မအိအိမွန်နှင့်အဖွဲ့တို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

ကုန်သည်စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ အောက်တိုဘာ ၂၈ရက်မှ ၃၁ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ်တရုတ်–အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ပြခန်းဆောင် တည်ဆောက်ပြသရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဗဟို အလုပ် အမှုဆောင် ဦးငြိမ်းအောင် နှင့် မြန်မာပြခန်းဆောင် ဒီဇိုင်းပညာရှင်ဒေါ်ခင်ဥမ္မာအောင် တို့သည်အောက်တိုဘာ ၂၁ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကွက်စိပ်ပြိုင်ပွဲနှင့် မယ်ဒလင်ပြိုင်ပွဲများ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၅

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် ဝါသနာရှင်အဆင့်(ပထမတန်း)(အမျိုးသား) ကွက်စိပ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ဟောပြောယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ သစ်တောသုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပသည့် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ တီးခတ်ယှဉ်ပြိုင်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးပြီး အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်အတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည် ပြဇာတ် ရန်ကုန်တိုင်းကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်ကပြ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ ဝန်ကြီးများ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု ဟန်ဇာမိုးဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၅

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ပြိုင်ပွဲ တတိယနေ့အဖြစ် ယနေ့ည ၇နာရီတွင် နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်တိုင်းကိုယ်စားပြု ဟန်ဇာမိုးဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်ကပြဖျော်ဖြေ တင်ဆက်သည်။

"စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည်"ပြဇာတ်ပြိုင်ပွဲသို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဇနီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးစိုးဦး၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်၌ လေ့လာရေးရောက်ရှိနေကြသော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာကို လေးစားမြတ်နိုးကြသော ဒေသခံပြည်သူများ၊ ရုံပြည့်ရုံလျှံ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရန်ကုန်တိုင်းကိုယ်စားပြု ဟန်ဇာမိုးဝင်းနှင့်အဖွဲ့က စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည် ပြဇာတ်ကို ယှဉ်ပြိုင်ကပြရာတွင် ဇာတ်ညွှန်းနှင့် ဒါရိုက်တာ မောင်စိတ္တ၊ ဇာတ်ဝင်တေး ဦးဂမုန်း၊ သရုပ်ဆောင်များအဖြစ် ဟန်ဇာမိုးဝင်း၊ မိုးဝင်း၊ ဇော်ဝင်းမောင်၊ ချောစုမျိုး၊ မဝါဂွမ်း၊ သူဇာဝင်း(၁)၊ သာခု၊ ရေချမ်း၊ မျိုးဇော်နှင့် ဇာတ်ပို့၊ ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ကြကာ ဂီတမှူး စန္ဒရား ထွန်းထွန်း၊ ဝိုင်းတော်တီး ရွှာစား အောင်စည်မိုး(ခ)သက်ခိုင်ဆိုင်းဝိုင်းတို့နှင့် တွဲဖက်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူပူအမျှ မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စုစည်းညီညွတ်စွာ လွတ်လပ်ရေး ကြိုးပမ်းမှုများ၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးတို့အတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု စသည့် သရုပ်ဖော်ပြကွက်များဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေ တင်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၀-၂၀၀၇ (သောကြာနေ့)

၁၃၆၉ ခုနှစ်၊သီတင်းကျွတ်လပြည့်(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်**

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ပဲခူးတိုင်း(အနောက်ပိုင်း)၊ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တ ကုဏ္ဍလဇောတိ ဟောကြားတော်မူသော "သီတင်းကျွတ်လပြည့် အဘိဓမ္မာတရားတော်"

၈း၁၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၈း၃၀ ၆။ International News.

၈း၄၀ ၇။ Islands of Dhamma.

၈း၅၀ ၈။ **ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက)တိပိဋက မဟာဂန္ဓဝင်ကျောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်) ရန်ကုန်တိုင်း ထံမှ နဝင်္ဂဥပေါ သထသီလ ခံယူဆောက်တည်ခြင်း**

၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက-၁၊သန်လျင်)(အမျိုးသားဝတ်ရွတ်အဖွဲ့)

၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)

၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၅း၁၅ ၆။ ဝါကျွတ်တေးများ

၅း၂၀ ၇။ ဓမ္မပူဇာတေးအစီအစဉ်

၅း၃၀ ၈။ ရွှေကျင်မြို့ သီတင်းကျွတ် မီးမျှောပူဇော်ပွဲ

၆း၀၀ ၉။ ညနေခင်းသတင်း

၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်

၇း၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးတတိယချစ်ပုံပြင်" (အပိုင်း-၁၄)**

၈း၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေးတဝဲလည်လည်" (အပိုင်း-၂၈)**

၁၈။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ အဘိဓမ္မာအခါတော်နေ့ တရားတော်

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဩစတြီးယား နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၆ရက်တွင် ကျရောက်သော ဩစတြီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဩစတြီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာဆူလာ၊ ပလာ့(စ်)နစ်(ခ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဟော်ကီအသင်းအား အားကစားအထောက်အကူပြုပစ္စည်းများ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၅

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၀ရက်မှ ၂၉ရက်အထိ ပုသိမ်မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ဟော်ကီအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဟော်ကီအားကစားအသင်းသို့ ဟော်ကီအားကစားနည်း အထောက်အကူပြုပစ္စည်းများလှူဒါန်းသည့် အခမ်းအနားကို အောက်တိုဘာ ၂၂ရက်တွင် မန္တလေးမြို့၌ ကျင်းပရာ ရှေးဦးစွာ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်း (JUST FASHION ယုဇနပလာဇာ-ရန်ကုန်မြို့)က ငွေကျပ် ငါးသိန်းတန်ဖိုးရှိသော ဟော်ကီအားကစား အထောက်အကူပြုပစ္စည်းများပေးအပ်လှူဒါန်းရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဟော်ကီအားကစားအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှဝင်းက လက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်(AHF/FIH ဟော်ကီ အားကစားနည်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်)က အလှူရှင်၏ကိုယ်စား ဟော်ကီအားကစားနည်း အထောက်အကူပြုပစ္စည်းများကို လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူတို့က မြန်မာနိုင်ငံ ဟော်ကီအားကစား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်က အားပေးကူညီဆောင်ရွက်ပေးမှုများကို လည်းကောင်း၊ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာဟော်ကီအသင်း အောင်မြင်ရေးအတွက် အဆင့်ဆင့် ပံ့ပိုးလုပ်ဆောင်ပေးမှုများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဟော်ကီအားကစား အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်း(JUST FASHION)က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဟော်ကီအားကစားအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှဝင်းထံ ဟော်ကီအားကစားအထောက်အကူပြု ပစ္စည်းများကို လှူဒါန်းစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

ဉာဏ်ဖြင့် မယှဉ်သော အလှူ

ချစ်နိုင်(စိတ်ပညာ)

ဒီစာမှာ ကဗျာဆရာမြင်းမူမောင်နိုင်မိုးရေးဖွဲ့ခဲ့တဲ့ **"ကုသိနာရုံသို့"** ဆိုတဲ့(၂၀၀၃ခုနှစ်၊ မေလ၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှ)ကဗျာ ခုနစ်ပိုဒ်အနက် အစပိုဒ်နဲ့အဆုံးပိုဒ်တို့ကိုချန်လှပ်၍ အလယ်က ငါးပိုဒ်ကို ကူးယူဖော်ပြလိုက်ပါရစေ။ ပြီးတော့ ၂၀၀၆ခုနှစ် ကလျာမဂ္ဂဇင်း၌ ရှစ်လတိုင်တိုင် အခန်းဆက်ဖော်ပြခဲ့တဲ့ ဆရာချစ်ဦးညိုရဲ့ **"ပထမ သင်္ဂါယနာသဘင် မြင်ကွင်းကျယ်"**မှ စာပိုဒ်အချို့ကို ကောက်နုတ် ဖော်ပြပါဦးမယ်။

ကုသိနာရုံသို့

* **ရှင်အာနန္ဒာ**
ခမျာညီသား၊ ဖြစ်ဘိငြား၍
ဘုရားမြတ်ရှင်၊ ရွှေရုပ်သွင်ကို
မမြင်ရက်ရှာ၊ ပါးမှန္ဓာ၍
မလ္လာမင်းများ၊ တည်းခိုနားရန်
ဆောက်ထားအပ်ပြီး၊ ဇရပ်နီးဝယ်
စီးကျမျက်ရည်၊ တတွေတွေနှင့်
"ဝေဒနာခံစား၊ နောင်ဘုရားကား
အားတော်ကုန်ခန်း၊ ကြွေမည့်ပန်းသို့
ပင်ပန်းကြွေ့ကြွေ့၊ နွမ်းသွေ့သွေ့တည့်
ယနေ့ပင်လျှင်၊ နိဗ္ဗာန်ခွင်သို့
ဝင်လိမ့်ယောင်တကား"၊ သောကပွားကာ
ချောက်ချား ငိုကြွေးရှာသည် တကား။

* **ထိုအခါတွင် ဘုရားရှင်သည်**
ခေါ်ငင်လေပါ၊ အာနန္ဒာဟု
ရောက်လာထံပါး၊ ညွှတ်ခစားသော် ...
"ချစ်သားအာနန္ဒာ ...
တဏှာဟူသော၊ ထိုသဘောကြောင့်
ဖြစ်သော ခန္ဓာ၊ ပျက်မြဲသာတည်း
ဖြဟ္မာသိကြား၊ ဘုရားသော်လည်း
ပျက်စီးမြဲပင်၊ ကျိုးကြောင်းယှဉ်၍
သိမြင်စေငြား၊ သင်တို့အားလျှင်
ဟောကြားထပ်ထပ်၊ ဆုံးမအပ်ခဲ့
သည်းပြတ် ကြွေနိုး၊ ပူပန်စိုးလည်း
အကျိုးမထူး၊ မိန့်မြွက်ဖူးပြီ..."။

* **"ချစ်သား အာနန္ဒာ ...**
ငါဘုရားကို၊ သင်ကြည်ညို၍
ရှိသေ တုပ်ပျပ်၊ ပြုစုအပ်ခဲ့
ချဉ်းကပ်နေ့ဆက်၊ ဝတ်မပျက်ဘဲ
မျက်သစ် ဒန်ပူ၊ ပေးကပ်လှူခဲ့
"ယူတော်မူပါ"၊ "သုံးတော်မူပါ"
"နေတော်မူပါ"၊ "လျောင်းတော်မူပါ"
လျှောက်တင်ပါလျက်၊ "မေတ္တာကာယကံ"
"မေတ္တာဝစီကံ"၊ "မေတ္တာမနောကံ"
ပြည့်သည် မှန်သား
ကံသုံးဖြာနှင့်၊ လုပ်ကျွေးလင့်သည့်
သင့်ဝန် သင့်တာ၊ ကျေပွန်ပါပြီ
ပညာလုံ့လ၊ ကြီးမားလှသို့
ပြည့်ဝသမာဓိ၊ သင့်ဝယ်ရှိသည်
နှိုင်းရှည့် ဆင်ခြင်၊ ဉာဏ်မြော်မြင်... ဟု"
ရှင်အာနန္ဒာ၊ ဖြေသာစေငြား
မြတ်တရားနှင့်
ဟောကြားတော်မူရှာသည် တကား။

* **ထိုမှ လွန်မြောက်၊ ချိန်သင့်ရောက်သော်**
နောက်ပါ တပည့်သား၊ သံဃာများ၌
မှာထားသင့်ရာ၊ ကျင့်အပ်စွာကို
အာနန္ဒာရှင်၊ သက်သေတင်လျက်
စုံလင်မိန့်မှတ်၊ နာစေအပ်ကာ
သုဘဒ် ပရိဗိုဇ်၊ ရဟန်း၌လည်း
အမြိုက်ချမ်းသာ၊ မြတ်ဓမ္မာနှင့်
ရဟန္တာရှင်မြတ်၊ ဖြစ်စေအပ်ခဲ့
မြတ်ထွတ်ခေါင်ဖျား၊ မြတ်ဘုရားသည်
ဟောကြားမိန့်မှာ၊ နောက်ဆုံးခါတွင်...
"ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တေယာမိ
ဝေါဝယဓမ္မာ သင်္ခါရာ၊
အပ္ပမာဒေန သမ္ပာဒေထ"
သင်္ခါရတရား၊ ဟူသည်ကားလျှင်
ဖောက်ပြားမလွဲ၊ ပျက်တတ်မြဲတည့်
စွဲမှတ်စေ့စေ့
မမေ့ မလျော့၊ မပေါ့ မလစ်
ဖြစ်တုံသတိ၊ ပြည့်စုံဘိလော့"
ပစ္ဆိမစကား၊ ဟောမိန့်ကြား၏
ဟောကြားပြီးက၊ မြတ်ဗုဒ္ဓလည်း
ပထမစျာန်၊ ဒုတိယစျာန်
တတိယစျာန်၊ စတုတ္ထစျာန်
အပြန်ပြန်လျှင်
စျာန်တော် အဆင့်ဆင့်၊ ဝင်စားလင့်လျက်
ပွင့်ဝတ် ကြွေတုံ၊ ကြာပဒုံသို့
အရဏ်တက်နီး၊ လင်းအားကြီးဝယ်
ဖြည့်ဆည်း ပါရမီ၊ ကာလရှည်စွာ
ရည်မြော်အမတ၊ နိဗ္ဗာနသို့
မြန်းကြွတော်မူပါသတည်း။

* **ထိုရော်အခါ**
မဟာပထဝီ၊ မြေသည်တုန်ဟည်း
သိမ့်သိမ့်ကြည်းလျှင်၊ တော်လည်းပဲ့တင်
နိမိတ်ထင်၏၊ လူရှင်ရဟန်း
ရှိုက်ငင်ပန်း၍၊ မြည်တမ်းပြင်းစွာ
ငိုကြွေးပါ၏၊ စကြဝဠာ
ကမ္ဘာတိုက်တစ်သောင်း၊ ခြိမ့်ခြိမ့်ညောင်းမျှ
အပေါင်းနတ်ဗြဟ္မာ၊ စုဝေးလာ၍
မဟာပရိနိဗ္ဗာန်၊ စံတော်မူလတ်
သုံးလူ့နတ်ကို၊ ဆွတ်တမ်းဦးချ
ဖူးမြော်ကြ၏။
ဂါထာ ဂါထာ၊ အဖြာဖြာနှင့်
ဗြဟ္မာမင်း၊ သိကြားမင်း၊ ပူဇော်နှင်း၏
သေခြင်းတရား၊ ဟူသည်ကားလျှင်
အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါး
ပြည့်စုံငြားသည့်
ဘုရားသော်မှ၊ ရှောင်မရသည်
"မရဏ တော၊ ကုတော မုစ္စတိ"
အစရှိသည်
သဟမ္ပတိဗြဟ္မာ၊ ဆိုရွတ်ပါသို့
"အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယဓမ္မိနော"
"ဖြစ်သော ပျက်သော၊ သဘောမှန်စွ
သင်္ခါရတည့်
သုခအမှန်၊ ပြည်နိဗ္ဗာန်သာ"
ရည်သန်လိုရင်း၊ သိကြားမင်းလည်း
ဆောင်နှင်း ဂါထာ၊ ပူဇော်ပါ၏
ရဟန္တာ သီးသီး၊ ထိုနည်းတူစွာ
ဂါထာအများ၊ ရွတ်ဖတ်ပွားလျက်
တရား သံဝေ၊ ဝှန်လှိုက်ခြွေ၏
ဖြေရာ ခက်ငြား၊ နတ်လူများကား
ဖားလျား ဆံပြို၊ ဖရိုဖရဲ
လွှင့်မြှောက် ကြဲလျက်၊ ငိုပွဲကြီးစွ
သည်းထန်လှသည်
လပြည့်ကဆုန် ညပါတကား။

ဒီကဗျာကို အသံထွက် ရွတ်ဆိုဖတ်ကြည့်ပြီးရင် အောက်ပါ ဆရာချစ်ဦးညိုရဲ့ စာအုပ်ထဲက စာပိုဒ်များကို ဆက်ဖတ်ကြည့်ပါဦး–

ပေါက်ကွဲခြင်း

မဟာသက္ကရာဇ်၁၄၈၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ညဥ့်၏မဇ္ဈိမယံကို ကျော်လွန်၍ ပစ္ဆိမယံ၏ နောက်ဆုံးအချိန်တွင် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပါသည်။ ဗုဒ္ဓဘာသာဝင်အများ သိထားကြပြီးဖြစ်၍ ဤအပိုင်းကဏ္ဍကို အကျယ်မဆိုတော့ပါ။

ပရိနိဗ္ဗာန်ဝင်စံတော်မူခန်းနှင့်ပတ်သက်၍ ကျွန်တော် အာရုံပြုလိုက်မိသော ကဏ္ဍတစ်ခုအကြောင်းသာ ပြောချင်ပါသည်။ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်နှင့် ရွတ်ဆိုကြသော ပုဂ္ဂိုလ်များနှင့် ထိုပုဂ္ဂိုလ်တို့၏ ရွတ်ဆိုစကားများ ဖြစ်ပါသည်။

သဟမ္ပတိဗြဟ္မာကြီး ရွတ်ဆိုသော သံဝေဂဂါထာမှာ... "ဖြစ်လျှင်ပျက်ရ အကြင်လောကကြီးထဲ၌ ခပ်သိမ်းသော ဓမ္မခပင်း လင်းလင်းကျင်းကျင်း ကိုယ်တော်တိုင် သိမြင်တော်မူသော အားဆယ်စုံနှင့် ကုံလုံပြည့်ဝတော်မူသော၊ နှိုင်းပြိုင်စံယူ ပုဂ္ဂိုလ်တူ ရှိတော်မမူသော၊ လူ နတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာသခင် ဦးထိပ်တင်ကြီးဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသော်မှ ပရိနိဗ္ဗာန်ဝင်စံတော်မူရချေသေး၏။ ဖြစ်လျှင်ပျက်ရ ဤလောကကြီးထဲ၌ ရှိသမျှဥသုံ သတ္တဝါအလုံးစုံတို့သည် ရုပ်နာမ်အစုဟူသော ဤခန္ဓာကိုယ် အတ္တဘောကို စွန့်ပစ်ကြရကုန်လိမ့်မည်တကား"

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူချိန်၌ အနီးတွင်ရှိနေသော အရှင်အနုရုဒ္ဓါမထေရ် ရွတ်ဆိုသော သံဝေဂဂါထာမှာ...

"ငါ့ရှင်တို့၊ ဘဝတဏှာ ခပ်သိမ်းငြိမ်းတော်မူပြီးသော မြတ်စွာဘုရားသည် အနုပါဒိသေသ နိဗ္ဗာနဓာတ်ကို ငါသွားတော့မည် ရည်ရွယ်တော်မူ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူပေပြီ။ မရွှေ့မယိုင် ခိုင်ကြံ့သောစိတ်ဓာတ် ရှိတော်မူထသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရား၏ ထွက်လေ ဝင်လေသည် မပေါ်မဖြစ်တော့ပြီတကား"

သိကြားနတ်မင်[…]
ကြောင့် ဥပါဒ်ရုပ်[…]
ဖြစ်ခြင်းပျက်ခြင်း[…]
ထိုသင်္ခါရတို့၏ ငြိမ်[…]
ချမ်းသာကေန် စင်[…]

သိကြားနတ်မင်းရွတ်ဆိုသောသံ[…]
အကြင်ကြောင့် ဥပါဒ်ထင်ရှား[…]
ကုန်၏။ ထို့ကြောင့် ဖြစ်ခြင်း[…]
ရှိကုန်၏။ မမြဲကေန်၊ မှန်လှကန်စွ[…]
အေးရာ၊ မဟာအသခ်တဓာတ်၊ နိဗ္ဗာ[…]
စင်စစ်မှန်စွတကား"

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်[…]
အရှင်အနုရုဒ္ဓါမထေရ်ရွတ်ဆိုသော[…]

"ငါ့ရှင်တို့၊ ဘဝတဏှာ ခပ်သိမ်[…]
ဘုရားသည် အနုပါဒိသေသ နိဗ္ဗာ[…]
ရည်ရွယ်တော်မူ၍ ပရိနိဗ္ဗာန်ဝင်စံတေ[…]
သောစိတ်ဓာတ်ရှိတော်မူထသော တာ[…]
ထိုမြတ်စွာဘုရား၏ ထွက်လေ ဝ[…]
ပြီတကား"

"ငါ့ရှင်တို့၊ ငါတို့မြတ်စွာဘုရ[…]
အလျဉ်းမရှိသော စိတ်တော်ဖြင့်[…]
ဝေဒနာကို ခန္တီနှလုံး ကိုယ်တော်သုံး[…]
တော်မူခဲ့လေပြီ။ လောင်စာပြတ်[…]
ငြိမ်းခြင်းကဲ့သို့ ငါတို့ဆရာ ဘုရား[…]
တရားဖြင့်မျှ မတားမြစ်အပ်၊ စိတ်တေ[…]
အပြီးတိုင်ချုပ်ငြိမ်းလွတ်မြောက်ခြင်[…]

ဤသံဝေဂဂါထာများကို ရွတ်ဆ[…]
အဘယ်သို့ရှိပါသလဲ။ ပုထုဇဉ်[…]
ရဟန်းများက လက်တို့ကို မြှောက်ချီ[…]
၌ ကျသကဲ့သို့ လဲကျကုန်ကြသည်[…]
လူးလိမ့်ကြကုန်သည်ဟု ကျမ်းဂန်၌[…]

ရာဂဒေါသကင်းပြီးသော အနာ[…]
တို့သည်သာ သင်္ခါရတရားကို အေ[…]
သည်။ အထက်ပါ သံဝေဂဂါထာမ[…]
ကျမ်းမှ ကျွန်တော် ကူးယူဖော်ပြ[…]
တိုက်ရိုက်ဆန့်ကျင်နေသော
ပြောလိုသောကြောင့်ဖြစ်ပါသည်။

အင်ကြင်းရုံတစ်ခွင်လုံး ထိုသ[…]
ကြချိန်၊ အရှင်အာနန္ဒာကိုယ်တော်တို[…]
ကျိတ်မှိတ်မျိုသိပ်ထားရချိန်တွင် (ပရိ[…]
ခုနစ်ရက်မြောက်နေ့)အချိန် ပါဝါမြို[…]
ခဲ့ကြသော အရှင်မဟာကဿပ ခေါင်[…]
အနက်မှ တစ်ပါး(တစ်ဦး)သော ရဟ[…]
ဘက်...။

လွန်ခဲ့သော ခုနစ်ရက်က မြတ်[…]
မူခဲ့ကြောင်း သိရသည်နှင့် ထိုငါး[…]
အများစုမှာ ဆောက်တည်ရာမရအော[…]
ကြလေသည်။ တရားခိုင်ပြီး ရဟန်[…]
နေနိုင်ကြသည်။ ဣန္ဒြေမပျက်နေနိုင်[…]
မငိုမရှိုက်ဘဲနေနိုင်ကြသော အနု[…]
အပါအဝင်ဖြစ်လေသည်။ မငိုမရှိုက် […]
ခိုင်မြဲသောကြောင့် မဟုတ်ပါ။ ဖော်[…]
နှင့် ဆန့်ကျင်ဘက် သူ့စကားကို[…]

သိကြားနတ်မင်း ရွတ်ဆိုသော သံဝေဂဂါထာမှာ “သင်္ခါရတို့သည် အကြင်ကြောင့် ဥပါဒ်ရုပ်ထင်ရှားဖြစ်ပွားကြ၍ ချုပ်ပျောက်ကြကုန်၏။ ထို့ကြောင့် ဖြစ်ခြင်းပျက်ခြင်း သဘောရင်းသာ ရှိကုန်၏။ မမြဲကေန်၊ မှန်လှကန်စွ။ ထိုသင်္ခါရတို့၏ ငြိမ်းရာ၊ အေးရာ၊ မဟာအသင်္ခတဓာတ်၊ နိဗ္ဗာန်ပရမတ်သည် ချမ်းသာကေန် စင်စစ်မှန်စွတကား”

သိကြားနတ်မင်းရွတ်ဆိုသောသံဝေဂဂါထာမှာ“သင်္ခါရတို့သည် အကြင်ကြောင့် ဥပါဒ်ရုပ်ထင်ရှားဖြစ်ပွားကြ၍ ချုပ်ပျောက်ကြကုန်၏။ ထို့ကြောင့် ဖြစ်ခြင်း ပျက်ခြင်း သဘောရင်းသာ ရှိကုန်၏။ မမြဲကေန်၊ မှန်လှကန်စွ။ ထိုသင်္ခါရတို့၏ ငြိမ်းရာ၊ အေးရာ၊ မဟာအသင်္ခတဓာတ်၊ နိဗ္ဗာန်ပရမတ်သည် ချမ်းသာကေန် စင်စစ်မှန်စွတကား”

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူချိန်၌ အနီးတွင်ရှိနေသော အရှင်အနုရုဒ္ဓါမထေရ်ရွတ်ဆိုသော သံဝေဂဂါထာမှာ…

“ငါ့ရှင်တို့၊ ဘဝတဏှာ ခပ်သိမ်းငြိမ်းတော်မူပြီးသော မြတ်စွာဘုရားသည် အနုပါဒိသေသ နိဗ္ဗာနဓာတ်ကို ငါသွားတော့မည် ရည်ရွယ်တော်မူ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူပေပြီ။ မရွေ့ မယိုင်ခိုင်ကြံ့သောစိတ်ဓာတ်ရှိတော်မူထသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရား၏ ထွက်လေ ဝင်လေသည် မပေါ်မဖြစ်တော့ပြီတကား”

“ငါ့ရှင်တို့၊ ငါတို့မြတ်စွာဘုရားသည် တွန့်တိုညှိုးငယ်ခြင်း အလျဉ်းမရှိသော စိတ်တော်ဖြင့် ရောက်ဆိုက်လာသော ဒုက္ခဝေဒနာကို ခန္တီနှလုံး ကိုယ်တော်သုံးလျက် မဖောက်ပြန် သည်းခံတော်မူခဲ့လေပြီ။ လောင်စာပြတ်ကင်း မီးတောက် မီးလျှံ၏ ငြိမ်းခြင်းကဲ့သို့ ငါတို့ဆရာ ဘုရားမြတ်စွာ၏ တစ်စုံတစ်ခုသော တရားဖြင့်မျှ မတားမြစ်အပ်၊ စိတ်တော်မြတ်၏အဖြစ် ဇာတ်ရုပ်သိမ်း၊ အပြီးတိုင်ချုပ်ငြိမ်းလွတ်မြောက်ခြင်းသည် ဖြစ်ခဲ့လေပြီတကား”

ဤသံဝေဂဂါထာများကို ရွတ်ဆိုကြချိန်တွင် ဤပရိသတ်ကား အဘယ်သို့ရှိပါသလဲ။ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် ရဟန်းများက လက်တို့ကို မြှောက်ချီငိုကြွေးကြသည်။ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်ကြသည်။ ရှေးရှုလူးလိမ့် ထိုထိုဤဤ လူးလိမ့်ကြကုန်သည်ဟု ကျမ်းဂန်၌ ဆိုပါသည်။

ရာဂဒေါသကင်းပြီးသော အနာဂါမ် ရဟန်းနှင့် ရဟန္တာရဟန်းတို့သည်သာ သင်္ခါရတရားကို အောက်မေ့ဆင်ခြင် သည်းခံကြသည်။ အထက်ပါ သံဝေဂဂါထာများ၏အနက်ကို မဟာဗုဒ္ဓဝင်ကျမ်းမှ ကျွန်တော် ကူးယူဖော်ပြရခြင်းမှာ ထိုစကားများနှင့် တိုက်ရိုက်ဆန့်ကျင်နေသော စကားတစ်ခွန်းအကြောင်းကို ပြောလိုသောကြောင့်ဖြစ်ပါသည်။

အင်ကြင်းရဂုံတစ်ခွင်လုံး ထိုသို့မချိကြေကွဲ ငိုပွဲကြီးဆင်နေကြချိန်၊ အရှင်အာနန္ဒာကိုယ်တော်တိုင်ပင် ချုံးချုံးချငိုကြွေးခဲ့ခြင်းကို ကျိတ်မှိတ်မျိုသိပ်ထားရချိန်တွင် (ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည်၏ ခုနစ်ရက်မြောက်နေ့)အချိန် ပါဝါမြို့မှ ကုသိနာရုံသို့ ဦးတည်လာခဲ့ကြသော အရှင်မဟာကဿပ ခေါင်းဆောင်သည့် ရဟန်းငါးရာတို့ အနက်မှ တစ်ပါး(တစ်ဦး)သော ရဟန်းကမူ အားလုံးနှင့်ဆန့်ကျင်ဘက်…။

လွန်ခဲ့သော ခုနစ်ရက်က မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ကြောင်း သိရသည်နှင့် ထိုငါးရာသော ရဟန်းတို့အနက်မှ အများစုမှာ ဆောက်တည်ရာမရအောင် လူးလိမ့်၍ ငိုကြွေးမြည်တမ်းကြလေသည်။ တရားခိုင်ပြီး ရဟန်းအနည်းစုသာ ဣန္ဒြေမပျက် နေနိုင်ကြသည်။ ဣန္ဒြေမပျက်နေနိုင်ကြသော ရဟန်းတော်အနည်းစု၊ မငိုမရှိုက်ဘဲနေနိုင်ကြသော အနည်းစုတွင် “သုဘဒ္ဒ”လည်း အပါအဝင်ဖြစ်လေသည်။ မငိုမရှိုက် သူနေနိုင်သည်မှာ တရားဓာတ်ခိုင်မြဲသောကြောင့် မဟုတ်ပါ။ ဖော်ပြခဲ့ပြီးသော သံဝေဂဂါထာများနှင့် ဆန့်ကျင်ဘက် သူ့စကားကို နားထောင်ကြည့်ပါ။

“ငါ့ရှင်တို့၊ တော်ကြတော့၊ တန်ကြတော့။ စိုးရိမ်၊ ပူဆွေး၊ ငိုကြွေးမနေကြစမ်းပါနဲ့။ အခု ငါတို့ဟာ ရဟန်းကြီးဂေါတမ လက်တွင်းက ကောင်းကောင်းကြီး လွတ်မြောက်ကြပြီ။ ရဟန်းကြီးဂေါတမ ငါတို့ကို အမျိုးမျိုး ချုပ်ချယ်ခဲ့တယ်။ ဒါတွေ၊ ဒါတွေကတော့ အပ်စပ်တယ်။ ဒါတွေ၊ ဒါတွေကတော့ မအပ်စပ်ဘူးဆိုပြီး ချုပ်ချယ်ခဲ့တယ်။ ဇီဇာကြောင်လှတယ်။ အခုကြည့်စမ်း။ သူမရှိတော့ဘူး။ ငါတို့လုပ်ချင်တာကို လုပ်နိုင်တော့မယ်။ မလုပ်ချင်တာကို မလုပ်ဘဲ နေနိုင်တော့မယ်”

ကာလရှည်ကြာ အောင့်အည်းမျိုသိပ်ထားခဲ့သော အရာကို သုဘဒ္ဒကြီး ထုတ်ဖော်ဖောက်ခွဲလိုက်ပါပြီ။ အားလုံး မချိကြေကွဲဖြစ်နေကြချိန်မှာ သူက ပျော်ပျော်ကြီး တက်ကြွစွာ ဟစ်ကြွေးလိုက်ခြင်းပင်။

သုဘဒ္ဒသို့မဟုတ် ဉာဏ်ဖြင့်မယှဉ်သောအလှူ

သုဘဒ္ဒ ထိုစကားတစ်ခွန်းကို ထုတ်ပြောရာမှာလည်း စိတ်ဝင်စားစရာ နောက်ခံဇာတ်ကွက်ကို တွေ့ရပြန်ပါသည်။

အာတုမာမြို့သား၊ သားနှစ်ယောက်ဖခင် မုဆိုးဖို သုဘဒ္ဒ။ သူတို့သားအဖ သုံးယောက်၏ အသက်မွေးဝမ်းကျောင်းက မုတ်ဆိတ်၊ ကျင်စွယ် ဆံသလုပ်ငန်း၊ ဆတ္တာသည်။ ဗုဒ္ဓမြတ်စွာ အာတုမာမြို့သို့ ဒေသစာရီကြွချီ တော်မူလာချိန်တွင် သုဘဒ္ဒသည် သားနှစ်ယောက်နှင့်အတူ သာသနာ့ဘောင် ဝင်ရောက်လိုက်သည်။

(မှတ်ချက်။ အိန္ဒိယပြည်၊ သာဝတ္ထိကျောင်း ဆရာတော် ဦးဩဘာသ ရေးသားပြုစုသော **“မဇ္ဈိမဒေသ မြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်လွှာများ”** စာအုပ်အရ အာတုမာမြို့သည် ကုသိနာရုံနှင့် သာဝတ္ထိအကြားရှိ နာဂရအဆင့်မြို့ဖြစ်သည်ဟု ဆိုပါသည်။ ဗုဒ္ဓခေတ်မြို့ရွာဒေသများနှင့် ပတ်သက်၍ အိန္ဒိယ ရှေးဟောင်းသုတေသနဌာနက ထုတ်ဖော်ရာတွင် ဤအာတုမာမြို့အကြောင်းကိုမူ တစ်စုံတစ်ရာ ညွှန်းဆိုထားခြင်း မရှိပါ။)

ဘုရားရှင်သည် နောက်ပါ ရဟန်းတစ်ထောင့်နှစ်ရာ့ငါးဆယ်မျှဖြင့် ကုသိနာရုံမှ အာတုမာမြို့သို့ ကြွရောက်တော်မူမည်ဆိုသောအခါ သုဘဒ္ဒရဟန်းကြီးသည် ထူးထူးခြားခြား အလှူတစ်ခုကို ပြုချင်စိတ်ပေါ်လာ၏။ သဒ္ဓါ စတင်ပေါက်ဖွားသည်တော့ မှန်ပါသည်။ သို့သော် ခမျာ ဉာဏ်ပညာနုံနဲ့ရှာသဖြင့် အလွဲလွဲ အချော်ချော် ဖြစ်ကုန်လေသည်။

တကယ်တော့ သုဘဒ္ဒရဟန်းကြီးမှာ လှူဖို့ တန်းဖို့ မပြည့်စုံပါ။ ဒါကို ပြည့်စုံအောင်လုပ်ဖို့ သုဘဒ္ဒရှာဖွေပုံက သားနှစ်ပါး သာမဏေတို့အား မြို့ထဲလွှတ်ပြီး ဆတ္တာသည်လုပ်ခိုင်းခြင်း ဖြစ်ပါသည်။ ကိုရင်လေးနှစ်ပါးက တစ်အိမ်တက် တစ်အိမ်ဆင်း ဆံသလုပ်ငန်း လုပ်ရင်း ရန်ပုံငွေရှာနေပုံကို မြင်ယောင်မိပါသည်။ မတင့်တယ်သော မြင်ကွင်းပင်။ သို့သော် အာတုမာမြို့သားများက ဘုရားရှင်ကို လှူဖို့ ရန်ပုံငွေရှာနေကြောင်း သိကြသောအခါ အလုပ်ပေးပြီး ဆန်၊ ဆီ၊ ဆားနှင့် အခြားခဲဖွယ်များကို ထောက်ပံ့ကြသည်။

လိုအပ်သည်ထက် ပိုရုံမျှမက အလျှံအပယ် ရခဲ့ကြသည်။ ထိုအချိန်မှာ ဘုရားရှင်က အာတုမာမြို့သို့ ရောက်ရှိတော်မူလာခဲ့ပြီး ဘုသာလာရအမည်ရှိကျောင်းတွင် သီတင်းသုံးတော်မူနေပြီ။

သုဘဒ္ဒမှာ အဆင်သင့် မဖြစ်သေးပေ။ သူလှူချင်သည်က ဘုရားရှင်နှင့် သံဃာတော်များအားလုံး ဝလင်စွာဘုဉ်းပေးလို့ရမည့် အကောင်းစား ယာဂုဆွမ်းဖြစ်၏။

သုဘဒ္ဒကိုယ်တိုင် တစ်အိမ်တက်ဆင်း အကူအညီတောင်းပြန်သည်။

“ဆန်၊ ဆီ၊ ဆား၊ ပျားရည်၊ တင်လဲ၊ အသား၊ ငါး၊ ရိက္ခာတွေကတော့ အလုံအလောက်ဖြစ်နေပါပြီ။ လိုတာက အိုး၊ ခွက်၊ ဒယ်ပစ္စည်းတွေလိုသေးတယ်။ ချက်ရေး ပြုတ်ရေး လုပ်အားလည်း လိုနေတယ်။ ကူညီကြပါဦး”

အာတုမာမြို့သားများကလည်း အားတက်သရော ကူညီကြပါသည်။ သဒ္ဓါ၏ထက်သန်မှုဖြင့် သုဘဒ္ဒရဟန်းကြီးသည် ထိုညဥ့်တစ်ညဥ့်လုံး သင်္ကန်းကြီး ဖိုသီဖတ်သီဖြင့် ယောက်မ၊ ယောက်ချိုကြီး တကိုင်ကိုင်ဖြင့် သူ့ယာဂုအိုးကြီးတွေအကြား ခေါက်တုံ့လူးလာ ဖြစ်နေခဲ့ပါလိမ့်မည်။

နောက်တစ်နေ့ ဘုရားရှင်နှင့် သံဃာများ ဆွမ်းခံကြွဝင်ချိန်၌ သုဘဒ္ဒက ယာဂုအလှူကို ခံယူတော်မူရန် လျှောက်သည်။ ဤယာဂုဆွမ်း မည်သို့ဖြစ်ပေါ်လာသည်ကို ဘုရားရှင် သိတော်မူလျက် နောက်ပါရဟန်းများအားလုံး ကြားသိရအောင် “ယာဂုဘယ်လိုဘယ်ပုံ ဖြစ်ပေါ်လာသလဲ သုဘဒ္ဒ”ဟု မေးတော်မူသည်။ သုဘဒ္ဒတို့ လွဲလိုက်ပုံများ ဘုရားရှင်၏ ဤအမေးကိုပင် သူ့ယာဂုကို ချီးမြှောက်မည်အထင်ဖြင့် အားရပါးရကြီး လျှောက်လေသည်။ (မြတ်စွာဘုရားကို ယာဂုဆွမ်း အလှူတော်ခံတော်မူရန် သုဘဒ္ဒလျှောက်ထားစဉ် သူထိုင်ပုံကို မဟာဗုဒ္ဓဝင်၌ ဖော်ပြထားသည်မှာ ‘သုဘဒ္ဒတောထွက်ရဟန်းကြီးသည် မိမိဝတ်ရုံမြဲတိုင်းသော သင်္ကန်းညိုကြီးများဖြင့်ပင် လက်တစ်ဖက်က ယောက်မ၊ ယောက်ချိုများကို စွဲကိုင်ကာ လက်ယာဒူးဝန်းကို မြေ၌ချထားကာ ထိုင်လျက်’ ဟူ၍ ဖြစ်၏။ အပြုအမူ၊ အနေအထိုင်၊ အပြောအဆို၊ မဖွယ်မရာဖြစ်နေပုံကို မြင်ယောင် ကြားယောင်မိပါသည်။)

မြတ်စွာဘုရားက အကြောင်းပေါင်းများစွာတို့ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူသည်။

အလှူခံရာ၌လည်းကောင်း၊ လှူဖွယ်ပစ္စည်း စီမံရာ၌လည်းကောင်း ရဟန်းတို့နှင့် လုံးဝမအပ်စပ်သောအပြစ်များကို ကျူးလွန်ထားသည့် သုဘဒ္ဒကို အကြောင်းပြုလျက်…

မအပ်စပ်သောအရာ၌ ဆောက်တည်စေသောရဟန်း၊
ပြုလုပ်စေသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ။
(အကပ္ပိယ သမာဒါန သိက္ခာပုဒ်)
သင်မုန်းအိတ်ကို ဆောင်ယူသော၊ ဆတ္တာသည်ဖြစ်ဖူးသော
ရဟန်းအား ဒုက္ကဋ်အာပတ်သင့် စေ။
(ခုရ အဏ္ဍ ပရိဟရဏ သိက္ခာပုဒ်)
ဟူ၍ သိက္ခာနှစ်ပါး ပညတ်တော်မူလေသည်။

“ရဟန်းတို့ ကုဋေမကသော ဘဝသံသရာတစ်လျှောက်လုံးလုံး အစားအစာရှာဖွေရင်းဖြင့် ကျော်လွန်ခဲ့ကြရပေပြီ။ ဤယာဂုသည် သင်တို့အတွက် မအပ်စပ်။ ဝိနည်းနှင့် မလျော်ညီ။ ဤ အစားအစာကို စားသုံးမိပါက သင်တို့အားလုံး ဘဝအထောင်မကအပါယ်လေးပါးတို့၌ ကျရောက်ကြပေလိမ့်မည်။ ဤနေရာမှ ဖယ်ခွာကြကုန်။ ဤယာဂုကို မည်သူမျှ အလှူမခံရ”

ဘုရားရှင်၏ ပြတ်သားသော စကားတော်(အမိန့်)ဖြစ်သည်။

လိုအပ်သောပစ္စည်းလေးပါးအလို့ငှာ ရဟန်းသံဃာတို့သည် ဒကာ၊ ဒကာမများရှေ့မှောက်၌ နှုတ်သံမမြွက် ရပ်လျက်က အလှူခံကြရပါသည်။ ဝိနည်းအသက်ကို မသိသောသုဘဒ္ဒသည် ဤအချက်နှင့်ဆန့်ကျင်စွာ သားနှစ်ဦးအား ဆတ္တာလုပ်ငန်းဖြင့် ပစ္စည်းဥစ္စာ အရှာအဖွေ ထွက်စေခဲ့ပြီး ကိုယ်တိုင်လည်း တစ်အိမ်တက်ဆင်း အလှူခံခဲ့ပါသေးသည်။

ဤကား ပထမအပြစ်…။

ဒုတိယအပြစ်က ချက်ပြုတ်ကြော်လှော် အလုပ်များမှာ ရဟန်းကိုယ်တိုင် ပါဝင်လုပ်ကိုင်ခွင့် မရှိပါ။ သုဘဒ္ဒကတော့ သင်္ကန်းညိုကြီးတဖားဖား၊ ယောက်မ၊ ယောက်ချိုကြီးတကိုင်ကိုင်၊ အိုးကြီးအိုးငယ်ကြား လှည့်လည်သွား…။

ဘုရားရှင်နှင့်သံဃာများ အာတုမာမြို့တွင်းသို့ ဆွမ်းခံကြွဝင်သွားကြသည်။ သုဘဒ္ဒ၏ ယာဂုများကား သည်အတိုင်း၊ သည်အတိုင်း အရာမယွင်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတာကိုပင် ဆုံးမကွပ်ညှပ်မည့်သူ မရှိတာကောင်းတယ်။ ဘာစည်းကမ်း၊ ဘာဥပဒေ၊ ဘာဝိနည်းတွေမှ လိုက်နာနေစရာ မလိုတော့ဘူး၊ လွတ်လပ်ပြီဟော့၊ ငါတို့အခွင့်အရေးရပြီကွဟု ယူဆသူ၊ ဝိနယကို မကြိုက်သူ၊ မလိုက်နာချင်သူ၊ ဓမ္မမှ သွေဖည်သူများသည် ဘယ်လိုများ အဆုံးသတ်မှာလဲ။ ။

ကျိုက္ခမီရေလယ်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့၌နှစ်စဉ်ကျင်းပမြဲဖြစ်သော သမိုင်းဝင်ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ရက်တွင် အဆိုပါ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး သီရိရတနာခန်းမ၌ကျင်းပရာ သဘာပတိပွဲတော်ကျင်းပရေးဦးစီးကော်မတီ နာယက သံဖြူဇရပ်တပ်နယ်မှူး ဗိုလ်မှူးကြီး တင်ထွန်းအောင်၊ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ညိုလှနှင့် လုပ်ငန်းများ ဆပ်ကော်မတီဥက္ကဋ္ဌ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က အမှာစကားပြောကြားကြသည်။

အဆိုပါ ပွဲတော်ကို အောက်တိုဘာ ၃၁ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ဆီမီး ၉၀၀၀ ပူဇော်ပွဲ၊ ရှင်ဥပဂုတ္တ ရေမျှောပူဇော်ပွဲများ၊ အဘိဓမ္မာအခါတော်နေ့နှင့် ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဝေဠုဝန်ကျောင်းတိုက် မဟာဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

(၉၁) ကြိမ်မြောက် ဝေဠုဝန်ကျောင်းတိုက် မဟာဘုံကထိန် သင်္ကန်းဆက်ကပ်ပွဲကို ၁၃၆၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်၊ နိုဝင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သံဃာအပါး ၁၅၀ အား ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ဝေဠုဝန်ကျောင်းတိုက် ဒါယကာ၊ဒါယိကာမများနှင့် ရပ်ဝေး၊ ရပ်နီး အလှူရှင်များအား ဖိတ်ကြားထားသည်။ (က–ပ)

ပဲခူးမြို့ မဇင်းရပ်ကွက် လယ်တီတရားစခန်း

ရန်ကုန် အောက်တိုဘာ ၂၅

ပဲခူးမြို့ မဇင်းရပ်ကွက်၊ ခေါင်းရင်းတော်ကျောင်းတိုက် ဆရာတော် အရှင်ဉာဏောဘာသ၏ မေတ္တာရိပ်ကို ခိုလှုံလျက် လယ်တီမူ အနာဂါမ် ဆရာသက်ကြီး၏ ဥပနိဿယ အတိုင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း (ဒလပျော်ဘွယ်ကြီး)၊ပဲခူးမြို့ရွှေအင်ကြင်းဆရာ တော်နှင့် တပည့် ကမ္မဋ္ဌာနာစရိယများ ပြသသော ခုနစ်ရက်တရားစခန်းအား နိုဝင်ဘာ ၂၀ ရက် (အင်္ဂါနေ့) ညနေ၌ စတင်ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများသည် ဒေါက်တာမောင်မောင်မြင့်၊ မြို့မဆေးခန်း ဖုန်း–၀၅၂–၂၁၅၄၅ နှင့် ဦးနေအောင် ဖုန်း–၀၅၂–၂၃၆၂၂ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က–ပ)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်းတို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ပဲခူးတိုင်း ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့နယ်၊ မိုးညိုမြို့နယ်၊ နတ်တလင်းမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ မကွေးတိုင်း ဆိပ်ဖြူမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ရေနံချောင်းမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချပွဲသို့ဟိုပုံးမြို့ပေါ်ရပ်ကွက်ခြောက်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူအင်အား ၂၀၀၀၀ ခန့်တို့သည် အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် ဟိုပုံးမြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒဒို့လက်မခံစသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ပြည်မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ပြည်မြို့နယ် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀ တို့မှ ပြည်သူအင်အား ၂၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီတွင် ပြည်မြို့နယ် မင်္ဂလာရွှေပြည်အားကစားကွင်းမှ ရတနာမာန်အောင်လမ်း၊ ၎င်းမှ ဗိုလ်ချုပ်လမ်းမကြီး၊ ရွှေဆံတော်ဘုရားလမ်းအထိ လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး အမေကျော် ဒွေးဘော်မလွှမ်းပါနှင့်၊ သူ့ကျွန်မခံပါ၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်ရမည်စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲသို့ ပန်းတောင်းမြို့ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀ အုပ်စုတို့မှ ပြည်သူအင်အား ၂၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီတွင် ပန်းတောင်းမြို့အတွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဟိုပုံးမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းပေါက်ခေါင်းမြို့နယ်ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ပေါက်ခေါင်းမြို့ မြို့ပေါ်ရပ်ကွက် ငါးခုမှ ပြည်သူအင်အား ၁၇၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီ ၅ မိနစ်တွင် ပေါက်ခေါင်းမြို့အတွင်းလှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း သဲကုန်းမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ သဲကုန်းမြို့မှ ပြည်သူအင်အား ၁၂၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် သဲကုန်းမြို့နယ် အင်းမကျေးရွာအုပ်စု အင်းမ အထက(ခွဲ)အားကစားကွင်းမှ ပြည်–ရန်ကုန်လမ်းမကြီးအတိုင်း လှည့်လည်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း သာယာဝတီမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ သာယာဝတီမြို့နယ် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်မှ ပြည်သူအင်အား ၁၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီတွင် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း သုံးဆယ်မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၈အုပ်စုတို့မှ ပြည်သူအင်အား ၁၅၀၀၀ ကျော်တို့သည်အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီ ၅ မိနစ်တွင် သာယာဝတီမြို့အတွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း မိုးညိုမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ မိုးညိုမြို့နယ် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀ အုပ်စုတို့မှ ပြည်သူအင်အား ၁၆၀၀၀ ခန့်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၅ နာရီ ၅၅ မိနစ်တွင် မိုးညိုမြို့နယ် မြို့မအားကစားကွင်း၊ သူရလမ်း၊ ဗိုလ်ချုပ်လမ်း ၊ဗန္ဓုလလမ်း၊ ဆရာစံလမ်း၊ ဓမ္မာရုံလမ်းတို့ကို လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်းနတ်တလင်းမြို့နယ်ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ နတ်တလင်းမြို့နယ် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၈ အုပ်စုတို့မှ ပြည်သူအင်အား ၃၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီ ၁၀ မိနစ်တွင် နတ်တလင်းမြို့အတွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ရေတာရှည်မြို့နယ်ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ရေတာရှည်မြို့ မြို့ပေါ်ရပ်ကွက်ခြောက်ရပ်ကွက်၊ကျေးရွာအုပ်စု ၃၂ အုပ်စုတို့မှ ပြည်သူအင်အား ၂၅၀၀၀ ခန့်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီတွင် ရေတာရှည်မြို့အတွင်းလှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး အမျိုးသားညီလာခံကို ထောက်ခံသည်၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ သူ့ကျွန်မခံပါစသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ဆီဆိုင်မြို့မှ ပြည်သူလူထုအင်အား ၅၂၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီခွဲတွင် ဆီဆိုင်မြို့အတွင်းလှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကိုလိုလားသည်၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒဒို့လက်မခံစသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

မကွေးတိုင်း ဆိပ်ဖြူမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ဆိပ်ဖြူမြို့နယ်မှ ပြည်သူအင်အား ၅၅၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ ရက်နံနက် ၈ နာရီတွင် ဆိပ်ဖြူမြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပေးရေးတို့ကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကိုလိုလားသည်၊ ဒို့တာဝန်အရေးသုံးပါးစသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံဃဒါနဆွမ်းအောင်ပွဲနှင့် ဆွမ်းဆန်တော်အလှူ ရေစက်ချတရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်းရှိ (၆)ရပ်ကွက်လုံးဆိုင်ရာ ဗဟိုဓမ္မာရုံကြီး၌ ဝါတွင်းသံဃဒါန ဆွမ်းအောင်ပွဲနှင့် ဆွမ်းဆန်တော်လှူပွဲ၊ ရေစက်ချတရားပွဲကို အောက်တိုဘာ ၂၈ ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ရာ မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒ (သာသနာ့တက္ကသိုလ ဓမ္မာစရိယ)က ဟောကြားမည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (ကြေးမုံ)

လက်ခံရယူ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီး၌ အင်္ကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျောက်တော်ကြီးဘုရားလမ်းနေ ဦးကျော်ကျော်မြင့်–ဒေါ်နွဲ့နွဲ့ဝင်း၊ သမီး ယွန်းပိုးဥ မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကို လက်ခံရယူစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇) ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇)ကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျိုက္ကဆံလမ်းရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများချီးမြှင့်သည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းတို့က အမှာစကားပြောကြားကြသည်။

ဆုများချီးမြှင့်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ပညာထူးချွန်ဆုရရှိသူများ၊ လူမှုရေးထူးချွန်ဆုရရှိသူများ၊ အင်္ဂလိပ်ဘာသာစကားဆိုင်ရာ စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားဝိုင်းဆွေးနွေးပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းက အလှူရှင် ၁၂ဦးက လှူဒါန်းသော ငွေကျပ် ၂၄သိန်းကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဦးမောင်ပါက ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အတည်ပြု

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အမှာစကားပြောကြားပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပကာ ဆုံးဖြတ်ချက်(၄)ရပ်၊ အတည်ပြုခြင်း(၁)ရပ်နှင့် မှတ်တမ်းတင်ခြင်း(၄)ရပ်တို့ကို သဘောတူအတည်ပြုကြပြီး အစည်းအဝေးကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇)တွင် ပညာထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ ရန်ကုန်မြောက်ပိုင်းခရိုင်၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ အောက်တိုဘာ ၂၄ရက်တွင် ကျင်းပခဲ့သည်။

အောက်တိုဘာ ၂၄ရက် နံနက် ၇နာရီ ၅မိနစ်တွင် ထောက်ကြန့် အလက(၉)ကျောင်းဘေး အားကစားကွင်းသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့် ချီတက်နေရာယူကြပြီး ပြည်သူအင်အား ၁၀၀၀၀ကျော် တက်ရောက်၍ သဘာပတိအဖြစ် အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးဘမြင့်က ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးအုန်းသောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်လှမြိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်မြသိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးစိုးမင်း၊ ရပ်မိရပ်ဖ ဦးထွန်းမြင့်နှင့် ဦးစိုးမြင့်တို့က ဆောင်ရွက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးသိန်းလွင်က အဆိုတင်သွင်းပြီး အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ကြည်ကြည်ထွေး၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်ခင်စပယ်စိုး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးဟန်တင်(ငြိမ်း)၊ မြို့မိမြို့ဖ ဦးခင်မောင်တင့်နှင့် ဦးမြင့်အေးတို့က ထောက်ခံဆွေးနွေးကြကာ တက်ရောက်လာသူများ၏ ထောက်ခံသဘောတူညီချက်အရ ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အလားတူ အောက်တိုဘာ ၂၄ရက် နံနက် ၇နာရီခွဲတွင် မှော်ဘီမြို့နယ် နန်းဦးအားကစားကွင်းသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့် ချီတက်နေရာယူကြပြီး ပြည်သူအင်အား ၂၂၅၀၀ကျော် တက်ရောက်၍ သဘာပတိအဖြစ် အစိုးရနည်းပညာကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာစိုင်းကျော်နိုင်ဦးက ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးအေးမင်းမောင်(ငြိမ်း)၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သီရိ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်သိန်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးလှဦး၊ ရပ်မိရပ်ဖ ဦးစောမောင်တုတ်နှင့် ဦးကျော်မင်းတို့ကဆောင်ရွက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးတင်ဦးက အဆိုတင်သွင်းပြီး အမျိုးသမီးရေးရာ အဖွဲ့မှ ဒေါ်အိသန္တာမျိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်သန်းသန်းအေး၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးကြည်ဝင်း(ငြိမ်း)၊ မြို့မိမြို့ဖ ဦးကျော်ထွေးနှင့် ဦးရွှေအောင်တို့က ထောက်ခံဆွေးနွေးကြကာ တက်ရောက်လာသူများ၏ ထောက်ခံသဘောတူညီချက်အရ ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အောက်တိုဘာ ၂၄ရက် နံနက် ၇နာရီ ၄၅မိနစ်တွင် လှည်းကူးမြို့နယ် အားကစားကွင်းသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့် ချီတက်နေရာယူကြပြီး ပြည်သူအင်အား ၁၁၅၀၀ကျော် တက်ရောက်၍ သဘာပတိအဖြစ် အငြိမ်းစား ကျောင်းအုပ်ကြီး ဦးဝင်းလှိုင်ကဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးအေးမြင့်(ငြိမ်း)၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်လှရွှေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်သန်းသန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဝင်းမြိုင်၊ ရပ်မိရပ်ဖ ဦးလှိုင်ဝင်းနှင့် ဦးထင်ကျော်တို့က ဆောင်ရွက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးညီညီအောင်က အဆိုတင်သွင်းပြီး အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်လှိုင်ဇာခြည်ဦး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်ခိုင်လွင်အေး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူး အောင်ငွေညွှန့်(ငြိမ်း)၊ မြို့မိမြို့ဖ ဦးလှသန်းနှင့် ဦးဆန်းမြင့်ထွန်းတို့က ထောက်ခံဆွေးနွေးကြကာ တက်ရောက်လာသူများ၏ ထောက်ခံ သဘောတူညီချက်အရ ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ အောက်တိုဘာ ၂၄ရက် နံနက် ၇နာရီ ၄၅မိနစ်တွင် တိုက်ကြီးမြို့နယ် အားကစားကွင်းသို့ စစ်ကြောင်းလေးကြောင်းဖြင့် ချီတက်နေရာယူကြပြီး ပြည်သူအင်အား ၂၂၅၀၀ကျော်တက်ရောက်၍ သဘာပတိအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)က ဆောင်ရွက်ကာ သဘာပတိ အဖွဲ့ဝင်များအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးကျော်လှိုင်(ငြိမ်း)၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါက်တာအေးသက်လှိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်ခင်ထားနွယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးသိန်းဝင်း၊ ရပ်မိရပ်ဖ ဦးထွန်းရီနှင့် ဒေါက်တာဟုတ်စိန်တို့က ဆောင်ရွက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးခင်မောင်မြင့်က အဆိုတင်သွင်းပြီး အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သိန်းသိန်းဖြူ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်မြင့်မြင့်ရီ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)၊မြို့မိမြို့ဖ ဦးသန်းမြင့်နှင့် ဦးတင်မောင်သန်းတို့က ထောက်ခံဆွေးနွေးကြကာ တက်ရောက်လာသူများ၏ ထောက်ခံသဘောတူညီချက်အရ ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချီတက်နေရာယူ

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအားထောက်ခံကြိုဆိုပွဲတွင် စစ်ကြောင်းများ ချီတက်နေရာယူကြစဉ်။ (သတင်းစဉ်)

မြန်မာ့အာမခံလုပ်ငန်း အာစရိယပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် သက်ကြီးအငြိမ်းစားဝန်ထမ်းများအား သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃နာရီက မြန်မာ့အာမခံလုပ်ငန်းရုံးချုပ် စုပေါင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အသက်(၇၀)နှင့်အထက် အငြိမ်းစားအရာထမ်း၊ ဝန်ထမ်းများတက်ရောက်ကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင် ဦးဆောင်၍ ရုံးချုပ်မှ အရာထမ်း၊ ဝန်ထမ်းများက သက်ကြီးအငြိမ်းစား ဝန်ထမ်းများအား ကန်တော့ကြပြီး အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ကန်တော့ခံသက်ကြီးအငြိမ်းစား ဝန်ထမ်း ၁၈၇ ဦးအတွက် အလှူငွေကျပ် ၁၉၆၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (မြန်မာ့အာမခံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၀-၂၀၀၇ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အဘိဓမ္မာနေ့မြတ်အခါ" တရားတော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၈း၀၀-၂း၀၀	မြတ်ဗုဒ္ဓ၏သြဝါဒပါတိမောက်လာမြတ်ပဝါရဏာ
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	Myanmar Video Rhythm
၈း၅၅-၂း၅၅	သာသနာအတွက်လျှောက်လှမ်းရသောလမ်းခရီးဝယ် [ဒေါက်တာချစ်ငယ်(ဒသသန)Ph.D]
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅-၃း၂၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၃၅-၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	ရွတ်ဆိုပွားများ ဓမ္မစကြာတရားများ(အပိုင်း-၂) (ဆူးလေဝတ်အဖွဲ့)
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	Shopping Guide (သီတင်းကျွတ်မှာဈေးဝယ်ကြမယ်)
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	သမထကျင့်စဉ်လမ်းဆက်ထွင် ဝိပဿနာမဂ္ဂင်
၁၁း၅၀-၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	သီတင်းကျွတ်မှာပျော်ကြဖို့ မီးပုံးလေးနဲ့ကစားစို့
၁၂း၁၅-၆း၁၅	အဝိဇ္ဇာအမှောင်ခွင်း ဉာဏ်အလင်းထွန်းပေါ် မြတ်ဓမ္မတရားဂုဏ်တော်(ဣန္ဒာဆွေရေးဖွဲ့ပူဇော်သည်။)
၁၂း၃၀-၆း၃၀	မြို့ဇလွန်ရဲ့ မီးမြင်းမိုရ်ပွဲဆင်ကာနွဲ၊ ပူဇော်လှူဒါန်းပန်းရေချမ်း
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိုးကုတ်ဝိပဿနာ ဇနိတာရာမ ဓမ္မရိပ်သာကျောင်းတိုက် တရားစခန်းပွဲများဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ မိုးကုတ်ဝိပဿနာ ဇနိတာရာမ ဓမ္မရိပ်သာကျောင်းတိုက်တွင် တရားစခန်းပွဲများကို နိုဝင်ဘာ ၁၁ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တရားစခန်းဝင် ယောဂီများသည် ယောဂီဝတ်စုံနှင့် နိုင်ငံသားစိစစ်ရေးကတ် မူရင်းတို့ကို ယူဆောင်လာကြရန်နှင့် တရားစခန်းဝင်မည့် သံဃာအသစ်နှင့် ယောဂီအသစ်များလက်ခံခြင်း ယာယီပိတ်ထားကြောင်းနှင့် တရားစခန်းဝင်မည့် ယောဂီများသည် ဖုန်း–၀၁–၅၄၅၄၇၇ နှင့် ၀၁–၅၄၆၆၈၄ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးကျော်ဝင်းနှင့် လသာမြို့နယ်မှ ရွှေဆိုင်ပိုင်ရှင်များက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဣန္ဒပါလထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်နှင့် တိ=နိ (မန္တလေးဌာန) ဥက္ကဋ္ဌ ဦးကျော်မြင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာက(ပင်မ)အဖွဲ့

တိပိဋကကျောင်းတော် မဟာဘုံကထိန်လျာသင်္ကန်းကပ်လှူပွဲနှင့် မင်းကွန်းတိပိဋကဆရာတော်ကြီး၏ မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိ သာသနာပြုဥပဋ္ဌာကအဖွဲ့ (ရန်ကုန်ဌာန) **တိပိဋကကျောင်းတော်**၏ (၂၇)ကြိမ်မြောက် မဟာဘုံကထိန်လျာသင်္ကန်းကပ်လှူပွဲနှင့် မင်းကွန်းဆရာတော်ကြီး၏ မွေးနေ့အထိမ်းအမှတ် ပူဇော်ပွဲကို နိုင်ငံခြားရေးဝန်ကြီးရုံး၊ အထက(၁)ဒဂုံ၊ အထက(၃)ဒဂုံ၊ လပြည့်ဝန်းပလာဇာ၊ ပင်တာစားတော်ဆက်နှင့် တိ=နိ အမှုဆောင်များ၊ တိ=နိ အဖွဲ့ဝင်များက စုပေါင်း၍ ပင့်သံဃာတော် ၉၈ပါးဖြင့် မဟာဘုံကထိန် လျာသင်္ကန်းကပ်လှူပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင် ဓမ္မမိတ်ဆွေများ ကြွရောက်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် ။ ၁၃၆၉–ခု၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်၊ (၂၀–၁၁–၂၀၀၇) အင်္ဂါနေ့။

ကျင်းပမည့်အချိန်။ မွန်းလွဲ (၁း၀၀)နာရီ။

ကျင်းပမည့်နေရာ။ အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ တိပိဋကကျောင်းတော်။

အမှုဆောင်အဖွဲ့

တိ=နိ သာသနာပြုဥပဋ္ဌာက(ပင်မ)အဖွဲ့

Tourist Maps of Myanmar အခမဲ့စတင်ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co., Ltd. (D.P.S)သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးကို ၁၉၉၅ ခုနှစ်မှ စတင်၍ နှစ်စဉ်စောင်ရေ ၁၃၅၀၀၀၀ ကျော်ကို စီစဉ်ပုံနှိပ်ဖြန့်ချိလျက်ရှိရာတွင် ယခုပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် Tourist Maps of Myanmar (TMM-19) **(ယာပုံ)** ကို အခမဲ့ဖြန့်ချိနေပြီဖြစ်သည်။



Tourist Maps of Myanmar (TMM-19) တွင် မြန်မာပြည် အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီးအသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ မြိတ်မြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံနှင့် ချောင်းသာမြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ လေကြောင်းလိုင်းများ၊ ပို့ဆောင်ရေးကုမ္ပဏီများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၏ တည်နေရာကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် ထိုခရီးသွားလမ်းညွှန်မြေပုံ၏ အကူအညီနှင့် မြန်မာနိုင်ငံအတွင်းရှိ စိတ်ဝင်စားဖွယ်ရာနေရာများသို့ အချိန်ကုန်သက်သာစွာဖြင့် သွားရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ယခုဖြန့်ချိလိုက်သော Tourist Maps of Myanmar (TMM-19) နှင့် အခြား မြန်မာ့ခရီးသွားလမ်းညွှန်မြေပုံများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာ ဖြန့်ဖြူးလျက်ရှိပြီး TTM, PATA, WTM စသည့် ခရီးသွားလုပ်ငန်းပြပွဲများတွင်လည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဖြန့်ဝေပေးမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးရှိ ခရီးသွားလုပ်ငန်းများနှင့် မြန်မာသံရုံးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများသို့ Courier Services များ၏အကူအညီဖြင့် စနစ်တကျ ပေးပို့ဖြန့်ချိလျက်ရှိသည်။ ပြည်တွင်းသို့ အဓိကခရီးသည်ဝင်ပေါက်ဖြစ်သော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ခရီးသည်များအားလုံးအား နေ့စဉ်ဝေငှပေးလျက်ရှိသည့်အပြင် နိုင်ငံတကာရှိ ခရီးသွားလုပ်ငန်းကြီးများ ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းကြီးများ၊ ဥပမာ–ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၊ ဂျာမနီခရီးသွားလုပ်ငန်း အစည်းအရုံးများသို့ ဖြန့်ဝေမည်ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)တွင်လည်းကောင်း၊ Design Printing Services Co., Ltd. (D.P.S) တွင်လည်းကောင်း ရုံးချိန်အတွင်း အခမဲ့လာရောက် ထုတ်ယူနိုင်သည်။ ဆက်သွယ်ထုတ်ယူနိုင်သည့်လိပ်စာမှာ အမှတ် (၁၆၅–၁၆၇) ပထမထပ်(၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ Tel: (95-1) 204020, 204200, 245230 Tel / Fax (95-1) 245230 တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရော်ဘာစိုက်ပျိုးရေး နည်းပညာပေးသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း (နှစ်ရှည်ပင်)ရော်ဘာစိုက်ပျိုး ထိန်းသိမ်းပြုစုရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို လားရှိုးမြို့၊ မန်ကတ်ကျေးရွာရှိ ဆန်းဝင်းကြူ ရော်ဘာစိုက်ပျိုးရေးကုမ္ပဏီ ဧက ၆၀၀ စီမံကိန်း ရှင်းလင်းဆောင်၌ အောက်တိုဘာ ၁၅ရက်တွင် ဖွင့်လှစ်သည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့် ရော်ဘာစိုက်ပျိုးသောလုပ်ငန်းရှင်များ၊ ဟိုနမ့်၊ ခွန်ညို၊ မန်ကတ်၊ မန်ကောင်း ဒေသခံ ရှမ်းပလောင်တိုင်းရင်းသား ၂၀၊ ဆန်းဝင်းကြူကုမ္ပဏီမှ သင်တန်းသား ၁၅ဦး သင်တန်းသား စုစုပေါင်း ၃၅ဦးနှင့် လေ့လာသူများ အပါအဝင် ၅၀ တက်ရောက်ကြသည်။

လားရှိုးမြို့ နားဖ၊ နားလျှံ၊ မန်ပြိန်း၊ မန်ကတ်၊ ဝိန်းစုံရွာများရှိ မြေလွတ်မြေရိုင်းဧက တစ်သောင်းကို ရော်ဘာအထူးဇုန်အဖြစ် ၂၀၀၆ ခုနှစ်မှစ၍ သတ်မှတ်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ဧက ၂၄၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ဧက ၄၀၀၀ ကို စိုက်ပျိုးရန် ဖော်ထုတ်ထားကြောင်းသိရသည်။

(သတင်းစဉ်)

တည်ဆောက်ဆဲ မဟာစည် ဓမ္မဗိမာန်တော်ကြီးအတွက် ရန်ကုန်မြို့၊ တောင်ဥက္ကလာပ (၅) ရပ်ကွက် သုမင်္ဂလာလမ်းနေ ဦးစစ်ရွှေ–ဒေါ်ကျင်လှိုင် မိသားစုက ဖခင်ကြီး ဦးကျင်ဝှက်–မိခင်ကြီး ဒေါ်ယုံလင်းတို့အား ရည်စူး၍ ငွေကျပ် သုံးသိန်းကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် (မဟာစည်သာသနာ့ရိပ်သာ) ဥက္ကဋ္ဌ ဦးဝင်းထိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဂျုံးဂျုံးကျလမ်း ကတ္တရာခင်းရန်အတွက် ကျောက်များစုဆောင်းထားရှိမှု အခြေအနေကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ အောက်တိုဘာ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်/စည်ပင်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် အောက်တိုဘာလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၈–၁၀–၂၀၀၇)ရက်နေ့

၂၀၀၇ ခုနှစ် နိုဝင်ဘာလ အတွက်

(၁၀–၁၁–၂၀၀၇) ရက်နေ့

နှင့်

(၂၅–၁၁–၂၀၀၇) ရက်နေ့

မြန်မာနိုင်ငံ ပြင်ပနေရာ၌ အင်အားပြင်း မြေငလျင်လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၅

ယနေ့နံနက် ၃ နာရီ ၃၇ မိနစ် ၃၅ စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ တောင်ဘက်မိုင် ၁၆၀၀ ခန့်ကွာဝေးသော (မြန်မာနိုင်ငံပြင်ပ) နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆–၁၀–၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၄။ မဟာဂီတချိုကြည်မြ
၄း၅၅ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၂။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကိုယ့်အချစ်ဆုံး” (အပိုင်း–၂၀)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – သစ္စာကြီးမား(သား)ပေါင်ချိန် (အပိုင်း–၃၈)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကျောင်းသားကျောင်းသူများ စာသင်ပျက်သည်။
ဈေးသည်များ စီးပွားရေးထိခိုက်သည်။
လက်လုပ်လက်စားများ ဝင်ငွေလျော့သည်။
ခရီးသွားလုပ်ငန်းများ အကြီးအကျယ်ထိခိုက်သည်။

☆ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကိုလိုနီနယ်ချဲ့များသာ အကျိုးရှိသည်။
ပြည်တွင်းပြည်ပအဖျက်သမားများသာ ဒေါ်လာဆုကြေး တစ်မွေ့တစ်ပိုက်ရရှိသွားကြသည်။

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ **BBC** ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချော သွေးထိုးသူ)များ မယုံလေနဲ့ သတိထား